http://www.dhammadownload.com

# ဆေးအလှူ

သာမဏေကျော်

http://www.dhammadownload.com

# ဆေးအလှူ။

သာမဏေကျော်

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဆေးအလှူအကျိုး ၁၀ မျိုး | ၅ |
| ၂။ | အရှင်ဗာကူလ | ၈ |
| ၃။ | ဇီဝက | ၂၄ |
| ၄။ | အသက်ရှည်ဖို့ | ၂၇ |
| ၅။ | ဆေးလှူခဲ့သူတစ်ဦးရဲ့အပြော | ၃၂ |
| ၆။ | ဘုရားရှင်အား ဆေးပေးခဲ့တဲ့မထေရ် | ၃၅ |
| ၇။ | ဆေးလှူချင်တဲ့မဟာနာမ် | ၃၈ |
| ၈။ | ဝမ်းအကြိမ် ၃၀ လျှောတယ် | ၄၁ |
| ၉။ | ကိုယ်ပူနာနဲ့ ကြာစွယ် ကြာရင်း | ၄၄ |
| ၁၀။ | အစွမ်းထက်တဲ့ သစ္စာစကား | ၄၈ |
| ၁၁။ | လေနာရောဂါနဲ့သီလ | ၅၀ |
| ၁၂။ | ယုန်သား | ၅၄ |
| ၁၃။ | ဝိသာခါရဲ့ဆေးအလှူ | ၅၆ |
| ၁၄။ | သွေးခြေဥသွားတယ် | ၅၉ |
| ၁၅။ | အနော်တတ္တအိုင်က သောက်ရေ | ၆၂ |
| ၁၆။ | ခြေဆေးရေ | ၆၉ |
| ၁၇။ | ရေနွေး | ၇၄ |

http://www.dhammadownload.com




၁၈။ သရက်သီးဖျော်ရည် ၇၆

၁၉။ အရှင်အင်္ဂုလိမာလရဲ့ သစ္စာစကား ၈၁

၂၀။ မယ်တော်ရဲ့လေနာရောဂါ ၈၅

၂၁။ ဆေးအလှူအကျိုး ၁၀ မျိုး ၈၇

http://www.dhammadownload.com

# ဆေးအလှူအကျိုး ၁၀ မျိုး

တူမလေး မဝင်းမာကြည် . . . .

ဗုဒ္ဓသာသနာကို ယုံကြည်ဆည်းကပ်ကိုးကွယ်ကြတဲ့ မြန်မာနိုင်ငံက ဒကာ, ဒကာမတွေရော, ပြည်ပက ဒကာ, ဒကာမတွေပါ ပရိယတ် ပဋိပတ်သာသနာ့ဝန်ထမ်း ရှင်, ရဟန်းတွေအား ပစ္စည်း လေးပါးနဲ့ပြုစုစောင့်ရှောက် ထောက်ပံ့ကြတယ်၊ ပစ္စည်းလေးပါးကို သိမှာပါနော်၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတွေပါပဲ၊ အဲဒီ ပစ္စည်းလေးပါး လှူဒါန်းကြတဲ့ ဒကာ, ဒကာမတွေကို အဲဒီ ပစ္စည်းလေးပါးလှူရကျိုးတွေ သိစေချင်ပါတယ်။ သာမဏေကျော် လေ့လာ သိထားတဲ့ ပိဋကပညာနဲ့ အဲဒီပစ္စည်းလေးပါး အလှူရှင်တွေကို ကူညီပေးချင်ပါတယ်၊ ဒါကြောင့် ဆွမ်းအလှူစာအုပ် တစ်အုပ်, သင်္ကန်းအလှူစာအုပ် တစ်အုပ်, ကျောင်းအလှူစာအုပ်တစ်အုပ် ရေးပြီးသွားပါပြီ။ ဆေးအလှူနဲ့ပတ်သက်တဲ့ စာအုပ်ကိုပဲ ရေးဖို့ကျန်ပါတော့တယ်။ အဲဒီ ဆေးအလှူစာအုပ်ကို ရေးဖို့ စိတ်ကူးတဲ့အခါ ကျန်းမာရေးချို့တဲ့ရှာတဲ့ တူမလေး မဝင်းမာကြည်ထံ ရေးပေးတဲ့အနေအထားနဲ့ရေးရန် ဆုံးဖြတ်မိပါတယ်၊

http://www.dhammadownload.com



မကျန်းမာတဲ့ မဝင်းမာကြည်ကို ဆေးအလှူအကြောင်း သိစေချင်မိပါတယ်၊ မဝင်းမာကြည် အလားတူ ဆေးအလှူရှင် ဒကာ၊ ဒကာမတွေကိုလည်း တစ်ပါတည်း ဆေးအလှူအကြောင်း သိသွားစေချင်ပါတယ်။

ဆေးအလှူနဲ့ ပတ်သက်ပြီး ပြောရရင်တော့ ဗုဒ္ဓ သာသနာ နယ်ပယ်မှာ အလွန်ပဲထင်ရှားတော်မူတဲ့ အရှင်ဗာကုလ မထေရ်အကြောင်းကတော့ မပါရင်မပြီးဘူးပေါ့။ "အနာမဲ့သူ ရှင်ဗာကူ" လို့ မြန်မာတို့နှုတ်ဖျားမှာ အပြောများတယ်မဟုတ်လား၊ အနာရောဂါကင်းကြတဲ့ ဘုရားရှင်တပည့်တွေထဲမှာ အရှင်ဗာကုလမထေရ်က အသာဆုံးပုဂ္ဂိုလ်ဖြစ်နေတာကို၊ ဆေးအလှူလှူခဲ့လို့ အရှင်ဗာကုလဟာ အဲဒီလို အနာရောဂါကင်းတဲ့အကျိုးကို ရပါတယ်–တဲ့၊ ကျန်းမာရေးကောင်းတဲ့နေရာမှာတော့ အရှင်ဗာကုလကို မဝင်းမာကြည်ရော သာမဏေကျော်ပါ အားကျကြည်ညိုရမှာပါပဲ၊ အတုယူ ကျင့်သုံးရမှာပါပဲ၊ မဝင်းမာကြည်ရော သာမဏေကျော်ပါ ကျန်းမာရေးချူချာကြတဲ့ပုဂ္ဂိုလ်တွေ ဖြစ်လို့ပါပဲ။ အရှင်ဗာကုလမထေရ်အကြောင်း ရေးမပြခင် အရှင်ပိလိန္ဒဝစ္ဆမထေရ် မိန့်ကြားခဲ့တဲ့ ဆေးအလှူအကျိုး ၁၀ ပါးကို ရှေးဦးစွာ ရေးပြချင်ပါတယ်။

အရှင်ပိလိန္ဒဝစ္ဆမထေရ်က သူ့ဘဝဇာတ်ကြောင်းကို ပြောပြရင်း ဒီလိုမိန့်ခဲ့ပါတယ်။ "ငါဟာ မြတ်စွာဘုရားနဲ့ ဘုရားတပည့်သံဃာတော်မြတ်အား ဆေးလှူခဲ့လို့ ငါ့ကံနဲ့သင့်လျော်တဲ့ အကျိုး ၁၀ မျိုးကို ခံစားရပါတယ်။" "ငါဟာ ဆေးအလှူရဲ့ အကျိုး

http://www.dhammadownload.com



ဆက်ကြောင့် အသက်ရှည်တယ်၊ ခွန်အားကြီးမားတယ်၊ ပညာရှိတယ်၊ အဆင်းလှပတယ်၊ အခြံအရံများတယ်၊ ကိုယ်, စိတ်ချမ်းသာရတယ်၊ ဘေးရန်ကင်းတယ်၊ ဆင်းရဲကင်းတယ်၊ အခါ ခပ်သိမ်း သူတစ်ပါးတွေရဲ့အပူဇော်ခံရတယ်၊ ငါ့မှာ ချစ်သူတွေနဲ့ ကွဲကွာရတာ မရှိပါ။" (အပဒါနပါဠိ၊ ပ၊ ၃၆၃)

မဝင်းမာကြည် . . .

ဆေးလှူရခြင်းရဲ့အကျိုးတွေကို သိရတော့ ဆေးအလှူကုသိုလ်ပြုလုပ်ချင်တဲ့ဆန္ဒတွေ ဖြစ်ပေါ်နေမိမှာပေါ့၊ မဝင်းမာကြည်ကသာ ကျောင်းဆရာမ လုပ်နေရလို့ ဆေးအလှူကို တမင်တကာ လှူမှသာ လှူဖြစ်မှာပါ။ သာမဏေကျော်ရဲ့အစ်ကို နှစ်ဝမ်းကွဲ တော်စပ်တဲ့ မဝင်းမာကြည်ရဲ့အဖေ ဦးတင်ဌေးနဲ့ မဝင်းမာကြည်ရဲ့အဘိုး ဦးအောင်လှ (မဝင်းမာကြည်ရဲ့ အမေ့အဖေ) တို့ကတော့ ဗိန္ဓောဆေး(တိုင်းရင်းဆေး) ဆရာကြီးတွေဖြစ်လို့ သူတို့နှစ်ဦးကတော့ ဆေးအလှူတွေ အများကြီး လှူဖြစ်သွားကြပါတယ်။ မဝင်းမာကြည်ရဲ့အမေ ဒေါ်ခင်သန်း (သာမဏေကျော်ရဲ့ အစ်မတစ်ဝမ်းကွဲ)ကလည်း ဆေးအကြောင်း အတော်အသင့်သိနေတာမို့ သူလည်း ဆေးအလှူများစွာ လှူဖူးမှာပါပဲ၊ မဝင်းမာကြည်လည်း အဘိုး, အဖေ, အမေတွေကို အားကျပြီး တတ်နိုင်သမျှ ဆေးအလှူကုသိုလ်ပြုပေးပေါ့၊ သာမဏေကျော်လည်း တတ်နိုင်သမျှ ပြုပေးရပါတယ်။

http://www.dhammadownload.com

# အရှင်ဗာကုလ

“အနာမဲ့သူ ရှင်ဗာကုလ” အကြောင်း ဆက်ကြဦးစို့။ “ဗာကုလ” လို့နာမည်မှည့်ထားရတာကတော့ “အမျိုးနှစ်မျိုးလုံးနဲ့ သက်ဆိုင်သူဖြစ်ပစေ” လို့ ရှင်ဘုရင်က အမျိုးနှစ်မျိုးရဲ့ အမွေခံ အဖြစ်နဲ့တရားဆုံးဖြတ်မှုပြုပြီး ထားခံရတဲ့ပုဂ္ဂိုလ်ဖြစ်လို့ “ဗာကုလ” လို့ ခေါ်ပါတယ်။ (အပဒါန၊ ၄၊ ၃၊ ၂၀၄)

အမျိုးနှစ်ဦးက ကြီးပြင်းလာအောင် စောင့်ရှောက်ခံရတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ “ဗာကုလ” လို့ခေါ်ပါတယ်။ (အံ၊ ၄၊ ပ၊ ၂၃၉)

အသက် ၁၆၀ ရှည်ပါတယ်။ (အပဒါန၊ ၄၊ ၃၊ ၂၀၄)

အသက် ၁၆၀ ရှည်တဲ့သူကတော့ မဝင်းမာကြည်နဲ့ သာမဏေကျော်တို့ရဲ့ ဇာတိရပ်ရွာဖြစ်တဲ့ အရာတော်မြို့နယ် စပါးတွင်းရွာမှာ မရှိခဲ့ပါ၊ ယခုလည်း မရှိပါ၊ နောင်လည်း ရှိနိုင်မယ် မဟုတ်ပါ၊ ကိုယ့်စပါးတွင်းရွာမှာ အသက် ၁၀၀ ရှည်တဲ့သူ တောင် မရှိခဲ့ပါ၊ အသက် ၁၆၀ ရှည်သူကတော့ မြန်မာနိုင်ငံမှာ လည်း မရှိခဲ့သေးပါ၊ ကမ္ဘာမှာလည်း ရှိတယ်လို့ မကြားသိရသေး ပါ၊ ဂေါတမဘုရားရှင်တောင် သက်တော် ၈၀ ပဲရှည်ပါတယ်၊ ဗာကုလကတော့ အသက် ၈၀ ရောက်မှ ရဟန်းဝတ်ခဲ့ပါတယ်၊ ဗာကုလ မထေရ်က ပုထုဇဉ်ဘဝနဲ့ ၇ ရက်ပဲ ရဟန်းဘဝမှာ

http://www.dhammadownload.com



နေရပါတယ်။ ၈ ရက် မြောက် အရုဏ်တက်ချိန်မှာ ပဋိသမ္ဘိဒါ ၄ ပါးနဲ့တကွ ရဟန္တာဖြစ်ခဲ့ပါတယ်၊ အသက် ၁၆၀ ရှည်တာလည်း အံ့ဩစရာကောင်းပါတယ်၊ ရဟန်းဘဝမှာ ပုထုဇဉ်ဘဝနဲ့ ၇ ရက်ပဲနေသွားတာဟာလည်း အံ့ဩစရာပါပဲ၊ သာမဏေကျော်ဟာ ရဟန်းဝါ ၂၉ ဝါ ရသွားပြီ၊ ကိုရင်ဝါက ၈ ဝါ၊ ပေါင်းတော့ ၃၇ နှစ်တောင် ရှင်, ရဟန်းဘဝမှာ ကြာခဲ့ပါပြီ၊ ရဟန္တာအဖြစ်နဲ့ ဝေးနေပါသေးတယ်၊ ပါရမီကုသိုလ်အင်အားနည်းနေသေးလို့ပေါ့၊ များအောင် ကြိုးစားရတာပေါ့၊ ပါရမီပြည့်လာတဲ့ဘဝမှာတော့ သူ့လိုမြန်မြန် ရဟန္တာဖြစ်ချင်မှဖြစ်မှာပေါ့၊ သာမဏေကျော်ရော, မဝင်းမာကြည်ပါ အရှင်ဗာကုလရဲ့အသက် တစ်ဝက်လောက်ရှည်ရင်တောင် တော်လှပါပြီ။

လူဝတ်ကြောင်ဘဝနဲ့အသက် ၈၀ ရှည်ကြာခဲ့ရာ လက် ၂ ချောင်းနဲ့ နံ့သာခဲကိုယူပြီး နမ်းရှုတဲ့အချိန်မျှလောက်တောင် ဘာရောဂါမှမဖြစ်ခဲ့ပါ၊ ရဟန်းဘဝရောက်တော့လည်း ရောဂါအနည်းငယ်လေးတောင် မဖြစ်ခဲ့ပါ– တဲ့။ အရှင်ဗာကုလရဲ့ အနာရောဂါကင်းပုံကတော့ သာမဏေကျော်နဲ့ မဝင်းမာကြည်တို့ရဲ့ဘဝနဲ့နှိုင်းစာရင် ဆီနဲ့ရေလို, မြင်းမိုရ်တောင်နဲ့မုန်ညင်းစေ့လို ကွာချင်တိုင်းကွာနေပါတော့တယ်။ ကံအကြောင်းတရားချင်း ကွာလို့ အကျိုးပေးပုံလည်း ကွာခြားနေတာပေါ့။ အခုအခါ အရှင်ဗာကုလလို ရောဂါကင်းသူမဖြစ်နိုင်ပေမယ့် နောင်အခါမှာတော့ဖြစ်နိုင်ပါတယ်၊ သူ့လို ဆုတောင်းပြီး သူ့လိုကောင်းမှုတွေပြုရမှာပေါ့၊ သူက ဘယ်လိုကောင်းမှုတွေပြုပြီး ဘယ်လိုဆုတွေ

http://www.dhammadownload.com



တောင်းခဲ့တယ်ဆိုတာ မဝင်းမာကြည်သိလား၊ မသိသေးရင် သိအောင် ရေးပြပါမယ်။

## အရှင်ဗာကုလလောင်းလျာ

ဒီဘဒ္ဒကမ္ဘာကနေ အတိတ်ကို မျှော်ကြည့်လိုက်ရင် တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအထက် အနောမဒဿီ ဘုရားရှင် ပွင့်တော်မူခဲ့ပါတယ်၊ အရှင်ဗာကုလလောင်းလျာက အနောမဒဿီဘုရားရှင်ပွင့်တော်မမူခင် အရင်ကပဲ ပုဏ္ဏားအမျိုးမှာ ပဋိသန္ဓေယူခဲ့ပါတယ်။ အရွယ်ရောက်လာတော့ အတတ်ပညာတွေကို သင်ယူတယ်၊ သင်ယူပြီးတော့ ဝေဒသုံးပုံမှာအနှစ်သာရကို မတွေ့ရလို့ "တမလွန်ဘဝအကျိုးကို ရှာမိုးမယ်" လို့ ကြံကာ တောင်ခြေရင်းမှာ ရသေ့ဝတ်တယ်၊ အဘိညာဉ် ၅ ပါး, သမာပတ် ၈ ပါးတွေကိုရပြီး ဈာန်နဲ့မွေ့လျော်ကာ အချိန်ကုန်လွန်စေတယ်။ အဲဒီအချိန်မှာ အနောမဒဿီဘုရားလောင်းက သဗ္ဗညုတဉာဏ်ကိုရပြီး(ဘုရားဖြစ်ပြီး) အရိယာ အပေါင်းခြံရံကာ ခရီး လှည့်လည်တယ်။ အရှင်ဗာကုလလောင်းလျာရသေ့က "ဘုရား, တရား, သံဃာ ရတနာသုံးပါးဖြစ်ပေါ်နေပြီ"လို့ ကြားရလို့ ဘုရားရှင်ထံသွားပြီး တရားနာတယ်။ တရားဒေသနာအဆုံးမှာ သရဏဂုံ တည်သွားတယ်။ (ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သွားတယ်) သူ့နေရာကိုတော့ မစွန့်နိုင်ပါ၊ သူဟာ ရံဖန်ရံခါ ဘုရားဖူးဖို့လည်းသွားတယ်၊ တရားကိုလည်း နာယူတယ်။

တစ်ချိန်မှာ အနောမဒဿီဘုရားရှင်မှာ လေနာရောဂါ ဖြစ်လာတယ်၊ အရှင်ဗာကုလလောင်းလျာရသေ့က ဘုရားရှင်ကို

http://www.dhammadownload.com



ဖူးဖို့လာတဲ့အခါ "ဘုရားရှင် မကျန်းမမာ ဖြစ်နေတယ်" လို့ ကြားရလို့ မေးလျှောက်တယ်။

"မြတ်စွာဘုရား . . . ဘာအနာရောဂါပါလဲ ဘုရား။"

"လေနာပါပဲ။"

"ဒီအချိန်ဟာ ငါကောင်းမှုကိုပြုလုပ်ဖို့အချိန်အခါပဲ။"

အဲဒီလိုတွေးပြီး တောင်ခြေကိုသွားကာ ဆေးအမျိုးမျိုး ကို ပေါင်းစပ်ပြီး "ဒီဆေးကို ဘုရားရှင်အား ဆက်ကပ်ပေးပါ" လို့ လျှောက်ကာ အလုပ်အကျွေးမထေရ်အား လှူလိုက်တယ်။ ဆေးကိုသုံးစွဲလိုက်တာနဲ့ တစ်ပြိုင်နက် လေနာရောဂါကင်းငြိမ်း သွားတယ်။ ရသေ့က ဘုရားရှင် ကျန်းမာလာတဲ့အခါ သွားပြီး ဒီလိုလျှောက်ထားပါတယ်။

"မြတ်စွာဘုရား . . . တပည့်တော်ရဲ့ဆေးကြောင့် ဘုရားရှင်မှာ ကျန်းမာသွားပါတယ်၊ အဲဒီဆေးလှူရတဲ့အလှူရဲ့ အကျိုးဆက်ကြောင့် ဖြစ်လေရာရာဘဝတိုင်းမှာ တပည့်တော်ရဲ့ ခန္ဓာကိုယ်မှာ နံ့သာတစ်ရှူကာလလောက်တောင်မှ အနာရောဂါ မဖြစ်ပါစေနဲ့။"

ဒါဟာ အရှင်ဗာကုလလျှောင်းလျာရသေ့ရဲ့ အဲဒီဘဝ က ကောင်းမှုပါပဲ။ (အံ။ ၄၊ ပ၊ ၂၃၆)

အရှင်ဗာကုလလောင်းလျာရသေ့ဟာ ဆေးအမျိုးမျိုးကို ပေါင်းစပ်တယ်လို့ဖတ်ရှုရတော့ မဝင်းမာကြည်ရဲ့အဖေ၊ အဘိုး ဆေးဆရာကြီးတွေကို ပြန်မြင်ယောင်လာမိပါတယ်၊ ဆေး

http://www.dhammadownload.com



ဆရာမကြီးလိုဖြစ်နေတဲ့ အစ်မဒေါ်ခင်သန်း(မဝင်းမာကြည်ရဲ့ အမေ)ကိုလည်း မြင်ယောင်လာမိပါတယ်၊ သူတို့လည်း ဒီရသေ့လိုသာ ဆုတောင်းမယ်ဆိုရင် အရှင်ဗာကုလလိုပဲ အနာရောဂါကင်းကြမှာပါပဲ၊ သူတို့ကုသပေးလိုက်လို့ အနာရောဂါပျောက်သွားသူတွေလည်း နည်းမှာမှမဟုတ်တာ။ ရသေ့ရဲ့ဆေးက အစွမ်းထက်သားပဲ၊ လေနာရောဂါတစ်ကြိမ်တည်းနဲ့ ပျောက်ကင်းသွားတယ်၊ အစွမ်းထက်တဲ့စိတ်တန်ခိုးပိုင်ရှင်ဆိုတော့ အစွမ်းထက်တဲ့ဆေးတွေကို ဖော်စပ်နိုင်စွမ်းရှိပြီပေါ့၊ အရှင်ဗာကုလလောင်းလျာရသေ့လို သာမဏေကျော်ဟာ ဆေးမဖော်စပ်တတ်ပါ၊ ဒါပေမယ့် ဆေးပညာရပ်တွေတိုးတက်နေတဲ့ ယခုလို ခေတ်ကာလမှာ အဆင်သင့်ဖော်စပ်ပြီး ဆေးစွမ်းကောင်းတွေ ရှိနေပါတယ်၊ အဲဒီဆေးတွေကို ဝယ်ယူပြီး လှူလိုက်ရင်လည်း ပြီးတာပါပဲ၊ သာမဏေကျော်လည်း တတ်နိုင်သမျှတော့ ဆေးအလှူလှူပါတယ်၊ အရှင်ဗာကုလလောင်းလျာလိုတော့ မှတ်မှတ်ရရ ဆုမတောင်းမိပါ၊ မဝင်းမာကြည်လည်း နောက်နောင်သောဘဝတွေမှာ "အနာမဲ့သူ ရှင်ဗာကူ"လို ဖြစ်ချင်ရင် သူ့လိုဆေးအလှူလှူပြီး သူ့လိုဆုတောင်းပေါ့။

မဝင်းမာကြည် . . .

ဘဝသံသရာခရီးဆိုတာ ရဟန္တာ မဖြစ်သေးသမျှ လည်ပတ်နေရသေးတာပဲ၊ ကောင်းမှုကံရှိသူတွေက ကောင်းတဲ့ဘဝတွေမှာ ကျင်လည်ရတယ်၊ မကောင်းမှု အကုသိုလ်ကံ ရှိသူ

http://www.dhammadownload.com



တွေကတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ အပါယ် ၄ ဘုံမှာ ကျင်လည်ကြရတယ်၊ ကောင်းမှုကံ ရှိသူတွေထဲမှာလည်း ချမ်းရသူတွေကတော့ သေရင် ဗြဟ္မာ့ပြည် ရောက်ရတယ်၊ အခုလည်း အရှင်ဗာကုလ လောင်းလျာရသေ့ဟာ ချမ်းအဘိညာဉ်တွေရထားတဲ့ပုဂ္ဂိုလ်ဖြစ်လို့ သေတော့ ဗြဟ္မာပြည် ရောက်သွားပါတယ်၊ အဲဒီဗြဟ္မာ့ပြည်က စုတေတဲ့အခါ လူ၊ နတ်ဘဝတွေမှာ တစ် အသင်္ချေကာလကြာအောင် (ကမ္ဘာပေါင်း မရေမတွက်နိုင်လောက်အောင်) ကျင်လည်ခဲ့ရတယ်၊ ပဒုမုတ္တရာဘုရားပွင့်တော်မူတဲ့အခါ ဟံသာဝတီမြို့က အမျိုးကောင်းအိမ်မှာ ပဋိသန္ဓေ ယူတယ်၊ အရှင်ဗာကုလလောင်းလျာဟာ ပဒုမုတ္တရာဘုရားရှင်က ရဟန်းတစ်ပါးကို အနာရောဂါကင်းတဲ့ရဟန်းတွေမှာ အသာဆုံးအရာမှာထားနေတာကို မြင်သွားပါတယ်၊ ကောင်းမှုတွေကို ပြုလုပ်ပြီး အနာရောဂါကင်းသူတွေထဲအသာဆုံးဖြစ်တဲ့ အဲဒီရာထူးကို ဆုတောင်းပါတယ်၊ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုလုပ်ပြီး လူ၊ နတ်ဘဝတွေမှာ ဆက်လက် ကျင်လည် ရပါတယ်၊ ဝိပဿီဘုရားမပွင့်ခင် အရင်ကပဲ ဗန္ဓုမတီမြို့က ပုဏ္ဏားမျိုးမှာဖြစ်တယ်၊ ရေးနည်းအတိုင်းပဲ ရသေ့ ဝတ်တယ်၊ ချမ်းရပြီး တောင်ခြေမှာနေတယ်။

ဝိပဿီဘုရားလောင်းကလည်း ဘုရားဖြစ်ပြီး ရဟန်းပေါင်း တစ်သိန်းခြောက်သောင်းရှစ်ထောင်ခြံရံကာ ဗန္ဓုမတီမြို့ကို အမှီပြုပြီး ဖခင်မင်းကြီးအား ချီးမြှောက်လိုလို့ သားကောင်တွေအား ဘေးမဲ့ပေးထားရာတောမှာ သီတင်းသုံးပါတယ်၊ အဲဒီအခါ

http://www.dhammadownload.com


အရှင်ဗာကုလလောင်းလျာရသေ့က ဝိပဿီဘုရားရှင် လောက မှာ ပွင့်ပေါ်နေကြောင်းသိသွားတယ်၊ လာပြီး ဘုရားရှင်ထံ တရား နာတယ်၊ သရဏဂုံတည်သွားတယ်၊ သူ့ရသေ့အဖြစ်ကို မစွန့် လွှတ်နိုင်သေးပါ၊ ရံဖန်ရံခါ ဘုရားရှင်ထံ ဆည်းကပ်ဖို့ သွားပါ တယ်၊ အဲဒီအချိန်မှာ ဘုရားရှင်နဲ့အဂ္ဂသာဝကနှစ်ပါးမှတစ်ပါး ကျန်ရဟန်းတွေမှာ ခေါင်းကိုက် ရောဂါဖြစ်ပါတယ်၊ ဟိမဝန္တာ အရပ်မှာ ပွင့်တဲ့ အဆိပ်ပင်တွေရဲ့လေအတွေ့ကြောင့်ဖြစ်ပါတယ်၊ အရှင်ဗာကုလလောင်းလျာ ရသေ့က ဘုရားရှင်ထံ ဆည်းကပ်ဖို့ လာတဲ့အခါ ရဟန်းတွေ ခေါင်းမြီးခြုံကာ လဲလျောင်းနေကြတာ ကို မြင်သွားပါတယ်၊ ဒီလိုမေးလျှောက်ပါတယ်။

"အရှင်ဘုရားတို့ . . . ရဟန်းအပေါင်းမှာ မကျန်းမာမှု ဖြစ်နေပါသလား။"

"ရဟန်းတွေမှာ မြက်ပန်းကြောင့်ဖြစ်တဲ့ရောဂါ ဖြစ်နေ ကြပါတယ် ရှင်ရသေ့။"

ရသေ့က ဒီလိုကြံပါတယ်။

"ဒီအချိန်ဟာ ငါ့အဖို့ ရဟန်းအပေါင်းအတွက် ခန္ဓာ ကိုယ်နဲ့ အားစိုက်ပြုလုပ်ရမယ့်အလုပ်ကိုလုပ်ကာ ကောင်းမှုပြုလုပ် ဖို့ အချိန်ပဲ။"

အဲဒီလိုကြံပြီး သူ့အစွမ်းနဲ့ ဆေးအမျိုးမျိုးတွေကို စု ဆောင်း၊ ရောစပ်ကာ လှူဒါန်းပါတယ်၊ ရဟန်းအားလုံး ခေါင်း ကိုက် ရောဂါ အဲဒီခဏမှာပဲ ပျောက်ကင်းသွားပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၂၃၇)

http://www.dhammadownload.com



အရှင်ဇာကုလလောင်းလျာဟာ အနောမဒဿီ ဘုရားလက်ထက်မှာရော ဝိပဿီဘုရားလက်ထက်မှာပါ ဈာန်ရ ဆေးဆရာရသေ့ဖြစ်ခဲ့ပါတယ်၊ ဆေးကုသပေးချင်တဲ့ သူ့စေတနာ၊ သူ့ဝါသနာကထုံခဲ့လို့ဖြစ်ပါတယ်၊ ဆေးပညာပါရမီထူးချွန်ခဲ့ပါတယ်၊ သူ့ဆေးပညာနဲ့ ရောဂါသည်တွေရဲ့ ရောဂါတွေကိုပျောက်ကင်းသွားအောင်ကုသပေးခဲ့ပါတယ်၊ ရောဂါကင်းတဲ့လူဆိုတာ အရှင်ဇာကုလလို ဆုတောင်းပြည့်တဲ့ပုဂ္ဂိုလ်လောက်သာရှိပါမယ်၊ လူတိုင်းမှာ ရောဂါကိုယ်စီရှိနေတတ်ကြပါတယ်၊ ကိုယ့်ရောဂါကို ကုစားတတ်တဲ့ပညာဟာ သတ္တဝါတိုင်း တတ်သိသင့်တဲ့ ပညာရပ် ဖြစ်ပါတယ်၊ ကိုယ့်မှာ ရောဂါဖြစ်မလာအောင် ကြိုတင် ကာကွယ်တတ်ကြရပါမယ်၊ ဖြစ်လာရင်လည်း သင့်တော်တဲ့ ဆေးကို ကိုယ့်ဘာသာသိပြီး မှီဝဲတတ်ကြရပါမယ်၊ "မသိသူကျော်သွား၊ သိသူဖော်စား" ဆိုတာလိုပါပဲ၊ ကိုယ့်အနီး အနားမှာ ကိုယ့်ရောဂါနဲ့သင့်တော်တဲ့ ဆေး အသီး၊ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ်တွေ ရှိနေတာပါပဲ၊ သိသူတွေက ဖော်စပ်တတ်ကြပါတယ်၊ မသိသူတွေက ကျော်သွားကြပါတယ်၊ "အစာလည်း ဆေး၊ ဆေးလည်း အစာ" ဖြစ်အောင် သိနားလည်တဲ့ပညာရှိဖို့လိုပါတယ်၊ စားတတ်ရင် ဆေးဖြစ်ပေမယ့် မစားတတ်ရင်တော့ ဘေးဖြစ်သွားပါတယ်။

## ပန်းကုံးမျိုးစုံ သီကုံးသူ

မဝင်းမာကြည် . . .

အရှင်ဇာကုလ လောင်းလျာ ရသေ့ဟာ အသက်ထက်

http://www.dhammadownload.com



ဆုံး နေပြီး ဈာန်ရပုဂ္ဂိုလ်ဖြစ်လေတော့ ဈာန်ရသူတွေရဲ့ ရောက်ရာဘဝဖြစ်တဲ့ ဗြဟ္မာ့ဘုံကို ရောက်သွားတယ်၊ ဗြဟ္မာ့ဘုံကို မဝင်းမာကြည်လည်း အကြိမ်ပေါင်းများစွာရောက်ခဲ့ဖူးပါတယ်၊ သာမဏေကျော်လည်း ဒီအတိုင်းပါပဲ၊ ပုထုဇဉ် အဖြစ်နဲ့ ဗြဟ္မာ့ဘုံရောက်ရင် ဘဝအာမခံချက်မရှိသေးလို့ အပါယ်ဘုံလည်း ရောက်နိုင်သေးတယ်၊ နိဗ္ဗာန်မြင်ပြီး သောတာပန် ဖြစ်သွားမှပဲ အပါယ်လေးပါးတံခါးက အမြဲပိတ်သွားပါတယ်၊ သောတာပန် မဖြစ်သေးသမျှ ဗြဟ္မာ့ဘုံရောက်လည်း အပါယ်တံခါး မပိတ်သေးပါ၊ အရှင်ဗာကုလ လောင်းလျာရသေ့ဟာ အဲဒီ ဗြဟ္မာ့ဘုံကစုတေပြီး ဧခ ကမ္ဘာကြာ လူနတ်ဘဝတွေမှာ ကျင်လည်ရပါတယ်၊ ကဿပဘုရားရှင် လက်ထက်မှာ ဗာရာဏသီမြို့က အမျိုးကောင်းအိမ်မှာ ဖြစ်တယ်၊ အိမ်ရာတည်ထောင် လူ့ဝတ်ကြောင်ဘဝနဲ့နေတယ်၊ "ငါ့ရဲ့နေအိမ်က အားနည်းနေတယ်၊ ယိုယွင်းနေတယ်၊ ပစ္စန္တရာဇ်အရပ်သွားပြီး သစ်သား အဆောက်အဦးကို သယ်ဆောင်ကာ အိမ်ဆောက်လုပ်မယ်"လို့ ကြံပြီး လက်သမားတွေနဲ့အတူ သွားတယ်၊ လမ်းခရီးအကြားမှာ ကျောင်းအိုကြီးတစ်ကျောင်းကို မြင်တွေ့ရတယ်၊ "ငါ့ရဲ့ အိမ်အလုပ်က ရှိပါစေဦး၊ အဲဒီအလုပ်က ငါနဲ့အတူပါသွားမှာမဟုတ်၊ တစ်စုံ တစ်ခုကို ပြုလုပ်ပြီး အတူသွားမယ့်ကံကိုသာ ရှေးဦးစွာ ပြုလုပ်သင့်တယ်"လို့ကြံကာ အဲဒီလက်သမားတွေကိုပဲ သစ်သား အဆောက်အဦးကို အယူခိုင်းပါတယ်၊ အဲဒီကျောင်းမှာ ဥပုသ်ပြုရာ ကျောင်းဆောင်, ဆွမ်းစားကျောင်းဆောင်, မီးဖိုဆောင်, စင်္ကြံ အရှည်, ဇရုံး အိမ်, အိမ်သာ, ကပ္ပိယကုဋိ,

http://www.dhammadownload.com



ဆေးခန်း အဆောင်တွေကို ဆောက်လုပ်ပါတယ်၊ ရဟန်းသံဃာရဲ့အသုံးအဆောင် ဆေးမှန်သမျှ အားလုံးကို စီမံပြီးထားပေးပါတယ်။ (အံ၊ ၄၊ ပ၊ ၂၃၇)

အရှင်ဗာကုလလောင်းလျာဒကာက ဒီတစ်ခါမှာတော့ ဆေးပစ္စည်းတင်မက လိုအပ်တဲ့အဆောက်အဦးမှန်သမျှကိုလည်း လှူဒါန်းပါတယ်၊ သဒ္ဓါသာရှိပြီး ပစ္စည်းဥစ္စာမရှိရင်လည်း အလှူကုသိုလ်မျိုးစုံ မလှူဒါန်းနိုင်ပါ၊ ပစ္စည်းဥစ္စာသာရှိပြီး သဒ္ဓါ မရှိရင်လည်း အလှူမျိုးစုံ မလှူနိုင်ပါ။ သဒ္ဓါ၊ ဥစ္စာနှစ်မျိုးလုံးမရှိရင် ပြောစရာတောင်မလိုတော့ပါ၊ အရှင်ဗာကုလလောင်းလျာဒကာမှာတော့ သဒ္ဓါရော ဥစ္စာပါပြည့်စုံတာမို့ အလှူမျိုးစုံကို လှူဒါန်းနိုင်ပါတယ်၊ ပန်းတွေကလည်း အများကြီးရှိပြီး ပန်းကုံးကျွမ်းကျင်တဲ့လူကလည်းရှိရင် ပန်းကုံးတွေ တစ်ကုံးပြီးတစ်ကုံး မျိုးစုံအောင်ကုံးလို့ရပါတယ်၊ အရှင်ဗာကုလလောင်းလျာဒကာဟာ ဆေးအလှူ ပန်းကုံး၊ သိမ်အလှူပန်းကုံး၊ ဆွမ်းစားကျောင်းအလှူပန်းကုံး၊ မီးဖိုဆောင်အလှူပန်းကုံး၊ စင်္ကြံအရှည်အလှူပန်းကုံး၊ အိမ်သာအလှူ ပန်းကုံး၊ ဇရုံးအိမ်အလှူပန်းကုံး၊ ကပ္ပိယကုဋီအလှူ ပန်းကုံး၊ ဆေးခန်းအလှူပန်းကုံးတွေကို မျိုးစုံအောင်သီကုံးသွားပါတယ်၊ အားကျစရာ အားရစရာပါပဲ။

## နောက်ဆုံးဘဝ အရှင်ဗာကုလ

မဝင်းမာကြည် . . .

အရှင်ဗာကုလလောင်းလျာဟာ အသက်ထက်ဆုံး

http://www.dhammadownload.com



ကုသိုလ်ပြုလုပ်ပြီး ဘုရားရှင်နှစ်ဆူရဲ့ ကြားကာလပတ်လုံး နတ်, လူ့ဘဝတွေမှာ ကျင်လည်ရတယ်၊ ငါတို့ရဲ့ ဂေါတမဘုရားရှင် ပွင့်တော်မမူခင် အရင်ကပဲ ကောသမ္ဗီမြို့က သူဌေးအိမ်မှာ ပဋိသန္ဓေယူတယ်၊ သူ ပဋိသန္ဓေယူတဲ့နေ့ကစပြီး အဲဒီသူဌေးအိမ်ဟာ ပစ္စည်းလာဘ်လာဘ, အခြွေအရံ အထွတ်အထိပ် ရောက်သွားတယ်၊ အဲဒီအခါ သူ့မိခင်က သားကိုမွေးဖွားပြီး ဒီလိုကြံစည်တယ်။

"ဒီကလေးဟာ ဘုန်းကံရှိတယ်၊ ဆုတောင်းမှုပြုခဲ့တယ်၊ သူ ကျန်းမာအသက်ရှည်ပြီး တည်ရှိနေသမျှ ကာလပတ်လုံး ငါတို့အား စည်းစိမ် ဥစ္စာပေးသူဖြစ်လိမ့်မယ်၊ မွေးဖွားရာနေ့မှာပဲ ယမုနာမြစ်ကြီးမှာ ရေချိုးတဲ့ကလေးတွေဟာ ရောဂါကင်းကြတယ်။"

အဲဒီလိုကြံစည်ပြီး ရေချိုးပေးဖို့ကလေးကို ပို့လွှတ်လိုက်ပါတယ်၊ "ငါးရက်မြောက်နေ့မှာ ဦးခေါင်းကိုလျှော်ပြီး မြစ်မှာ ရေချိုးပေးဖို့ ကလေးကို ပို့လွှတ်လိုက်တယ်" လို့ မဇ္ဈိမဘာဏက ပုဂ္ဂိုလ်တွေက ဆိုပြပါတယ်၊ အဲဒီ မြစ်မှာ အထိန်းတော်က ကလေးကို မြုပ်ချီဖော်ချီလုပ်ပေးကာ ကစားပေးနေတုန်း ငါးတစ်ကောင်က ကလေးကိုမြင်ကာ "ဒါဟာ ငါ့အစာပဲ" လို့ ထင်မှတ် သွားတယ်၊ ပါးစပ်ကိုဖွင့်ပြီး ချဉ်းကပ်တယ်၊ အထိန်းတော်က ကလေးကို စွန့်ပစ်ပြီး ပြေးသွားတယ်၊ ငါးက ကလေးကို မျိုတယ်၊ ဘုန်းကံရှိတဲ့သတ္တဝါဟာ ဒုက္ခမရောက်ပါ၊ အိပ်ရာ တိုက်ခန်းထဲဝင်ပြီး လဲလျောင်းနေသူလိုဖြစ်သွားတယ်၊ ငါးက ကလေး

http://www.dhammadownload.com


ရဲ့တန်ခိုးကြောင့် ပူလောင်နေတဲ့ ထွန်သွားကို မျိုပြီး ပူလောင်နေသလို အဟုန်နဲ့ ယူဇနာ ၃၀ ခရီးကိုသွားတယ်၊ ဗာရာဏသီမြို့ တံငါသည်ရဲ့ပိုက်ကွန်ထဲဝင်သွားတယ်၊ ငါးအကြီးတွေဆိုတာ ပိုက်ကွန်နဲ့ ဖမ်းမိတဲ့အခါ သတ်ခံရမှသာ သေကြပါတယ်၊ ဒီငါးကတော့ ကလေးရဲ့တန်ခိုးကြောင့် ပိုက်ကွန်မှ ထုတ်ဆောင်ကာမျှမှာပဲ သေသွားတယ်၊ တံငါသည်တွေကတော့ ငါးကြီးကို ရပြီး ခွဲကာရောင်းကြတယ်၊ ကလေးရဲ့ တန်ခိုးကြောင့် အဲဒီငါးကို မခွဲဘဲ တစ်ကောင်လုံး ထမ်းပိုးနဲ့ သယ်ဆောင်ပြီး "ငါတို့ဟာ တစ်ထောင်နဲ့ပေးကြမယ်"လို့ပြောကာ မြို့ထဲမှာ လှည့်လည်ကြတယ်၊ တစ်စုံတစ်ယောက်ကမှ မဝယ်ယူပါ။

အဲဒီကောသမ္ဗီမြို့မှာ ကုဋေ ၈၀ ကြွယ်ဝပြီး သားသမီးမရှိတဲ့ သူဌေးမျိုးရှိတယ်၊ အဲဒီသူဌေးရဲ့အိမ်တံခါးသို့ရောက်ပြီး "ဘာကိုယူပြီး သင်တို့က ပေးကြမှာလဲ" လို့ မေးတော့ "အသပြာကိုပါ"လို့ပြောကြတယ်၊ အဲဒီသူဌေးက အသပြာပေးပြီး ယူလိုက်တယ်၊ သူဌေးကတော်ကလည်း အခြားနေ့တွေမှာ ငါးတွေကို မကိုင်တွယ်ပါ၊ အဲဒီနေ့မှာတော့ ငါးကို ပျဉ်ချပ်ပေါ်ထားပြီး ကိုယ်တိုင်ပဲ ခွဲတယ်၊ ငါးကို ဝမ်းဗိုက်မှာ ခွဲလေ့ရှိကြတယ်၊ သူဌေးကတော်ကတော့ ကျောဘက်က ခွဲလိုက်တယ်၊ ငါးဝမ်းဗိုက်ထဲက ရွှေရောင်အဆင်းရှိ ကလေးကို မြင်ရပြီး "ငါးဝမ်းဗိုက်ထဲက သားလေးကို ငါရပေပြီ" လို့အော်ဟစ်ပြောဆိုကာ ကလေးကိုယူပြီး ခင်ပွန်းထံသွားတယ်၊ သူဌေးက အဲဒီခဏမှာပဲ စည်ကို လှည့်လည်စေကာ ကလေးကိုယူပြီး မင်းထံသွားတယ်၊ "အရှင်မင်းကြီး

http://www.dhammadownload.com



. . . အကျွန်ုပ်ဟာ ငါးဝမ်းဗိုက်ထဲက ကလေးကို ရထားပါပြီ၊ ဘာလုပ်ရပါမလဲ" လို့ မေးတယ်၊ "ဒီကလေးက ဘုန်းကံရှိသူပဲ၊ သူဟာ ငါးဝမ်းဗိုက်ထဲမှာ ကျန်းကျန်းမာမာ နေခဲ့ရသူလေးပဲ၊ သူ့ကို ကျွေးမွေးပြုစုစောင့်ရှောက်ပါ" လို့ ပြောတယ်။

ကောသမ္ဗီမြို့ရှိ သူဌေးမိဘက "ဗာရာဏသီမြို့ရှိ သူဌေးအမျိုး တစ်မျိုးဟာ ငါးဝမ်းဗိုက်ထဲက ကလေးကိုရသတဲ့" လို့ ကြားရတယ်၊ အဲဒီ မိဘတွေက ဗာရာဏသီမြို့ကို သွားကြတယ်၊ အဲဒီအခါ ကလေးရဲ့မိခင်ဖြစ်သူက တန်ဆာဆင်ပြီး ချော့မြူခံနေရတဲ့ ကလေးကို မြင်ရပြီး "ဒီကလေးက ချစ်စရာကောင်းလေစွ" လို့ပြောကာ ယူပြီး ဖြစ်ပုံကိုပြောပြတယ်၊ ဗာရာဏသီ သူဌေးကတော်က "ငါ့ရဲ့သားပါ"လို့ပြောတယ်၊ "သင်ဘယ်ကရသလဲ" လို့ မေးတဲ့အခါ "ငါးဝမ်းဗိုက်ထဲက ရပါတယ်" လို့ပြောတယ်။

"သင့်ရဲ့သားမဟုတ်၊ ငါ့ရဲ့သားပါ။"

"သင်က ဘယ်ကရတာလဲ။"

"ငါဟာ ဆယ်လပတ်လုံး ဝမ်းနဲ့လွယ်ထားခဲ့ပါတယ်၊ အဲဒီအခါ မြစ်ထဲ ကစားပေးခံရတဲ့ကလေးကို ငါးက မျိုသွားပါတယ်။"

"သင့်ရဲ့သားကို အခြားငါးက မျိုသွားတာ ဖြစ်ပါလိမ့်မယ်၊ ဒီ ကလေးကိုတော့ ငါဟာ ငါးဝမ်းဗိုက်ထဲက ရခဲ့ပါတယ်"

နှစ်ဖက်သောမိဘတွေက မင်းနန်းတော်ကို သွားကြပါတယ်၊ မင်းက ဒီလိုပြောလိုက်ပါတယ်။

"ဒီအမျိုးသမီးဟာ ဆယ်လပတ်လုံး ဝမ်းဗိုက်နဲ့ လွယ်

http://www.dhammadownload.com



ခဲ့လို့ မိခင် မဟုတ်လို့ မပြုလုပ်သင့်ပါ၊ ငါးကို ဖမ်းယူကြသူတွေကလည်း အညို့၊ အသည်းစသည်တွေကို အပြင်ဘက်မှာ ထားပြီး ယူကြတယ်လို့မရှိ၊ ငါးဝမ်းဗိုက်ထဲကရသူဖြစ်လို့ ဒီအမျိုးသမီးကိုလည်း မိခင်မဟုတ်လို့ မပြုလုပ်သင့်ပါ၊ ကလေးဟာ အမျိုးနှစ်မျိုးလုံးရဲ့ အမွေခံသူဖြစ်ပါစေ။"

အဲဒီအချိန်ကစပြီး အမျိုးနှစ်မျိုးလုံးဟာ အလွန်အကဲပဲ ပစ္စည်း လာဘ်လာဘရော၊ အခြွေအရံပါ ပေါများလာတယ်၊ သူ့ကို အမျိုးနှစ်မျိုးက ကြီးပွားအောင်လုပ်ပေးခဲ့ရလို့ ဗာကုလလို့ နာမည်မှည့်ကြပါတယ်၊ (ဗာ=နှစ်+ကုလ=အမျိုး) တတ်သိနားလည်လာတဲ့သူ့အတွက် မြို့နှစ်မြို့လုံးမှာ ပြာသာဒ် ၃ ဆောင် ဆောက်လုပ်ပေးကာ ကချေသည်တွေကို ထားပေးကြပါတယ်၊ တစ်မြို့တစ်မြို့မှာ ၄ လ၊ ၄ လနေတယ်၊ တစ်မြို့မှာ ၄ လပတ်လုံး သူ့အတွက် လှေဖောင်တွေ အပေါ်မဏ္ဍပ်ဆောက်လုပ်ပေးပြီး အဲဒီလှေဖောင် တွေအပေါ် ဗာကုလကို ကချေသည်တွေနဲ့အတူ တင်ထားကြပါတယ်၊ ဗာကုလဟာ စည်းစိမ်ကိုခံစားရင်း ၄ လနဲ့ အခြားမြို့ကို သွားပါတယ်၊ အဲဒီမြို့နေ ကချေသည်တွေက ၂ လနဲ့ ထက်ဝက်လမ်းခရီးကို လာခဲ့တာဖြစ်လိမ့်မယ်" လို့ကြံပြီး ကြိုဆိုကြတယ်၊ ဗာကုလကို ဝိုင်းရံပြီး ၂ လနဲ့ သူတို့ရဲ့မြို့ကို သယ်ဆောင်ကြပါတယ်၊ အခြားမြို့က ကချေသည်တွေက ပြန်သွားပြီး သူတို့ရဲ့မြို့ကိုသာ သွားကြပါတယ်၊ အဲဒီမြို့မှာ ၄ လ ပတ်လုံးနေပြီး အဲဒီနည်းနဲ့ပဲတစ်ဖန် အခြားမြို့ကို သွားပါတယ်၊ သူဟာ အဲဒီလို စည်းစိမ်ကို ခံစားရင်း အသက် ၈၀ ပြည့်သွားပါ

http://www.dhammadownload.com


တယ်။

အဲဒီအချိန်မှာ ငါတို့ရဲ့ ဂေါတမဘုရားလောင်းဟာ ဘုရားဖြစ်ပြီး ဓမ္မစကြာတရား ဟောကြားကာ အစဉ်အတိုင်း ခရီးလှည့်လည်ပါတယ်၊ ကောသမ္ဗီမြို့ကို ရောက်ပါတယ်၊ မဇ္ဈိမ ဘာဏကမထေရ်တွေက "ဗာရာဏသီမြို့ကို ရောက်ပါတယ်" လို့ ဆိုကြပါတယ်၊ ဗာကုလသူဌေးကလည်း "ဘုရားရှင်ကြွလာ တယ်" လို့ကြားရပြီး နံ့သာ, ပန်းများစွာကို ယူကာ ဘုရားရှင် ထံသွားပါတယ်၊ တရားစကားကို ကြားနာရပြီး သဒ္ဓါဖြစ်ကာ ရဟန်းဝတ် ပါတယ်၊ အရှင်ဗာကုလဟာ ၇ ရက်သာ ပုထုဇဉ် ရဟန်းအဖြစ်နဲ့နေပြီး ၈ ရက် မြောက်အရုဏ်မှာ ပဋိသမ္ဘိဒါတွေနဲ့ တကွ ရဟန္တာဖြစ်သွားပါတယ်၊ အဲဒီအခါ အရှင်ဗာကုလရဲ့ လူ ဝတ်ကြောင်ဘဝတုန်းက မြို့နှစ်မြို့ရှိ မယားတွေက သူတို့ရဲ့ မိဘ အိမ်တွေကို လာပြီး အဲဒီအိမ်တွေမှာနေကြကာ သင်္ကန်းပြုလုပ်ပြီး ပို့လွှတ်ကြပါတယ်၊ အရှင်ဗာကုလမထေရ်က ၁၅ ရက်ပတ်လုံး ကောသမ္ဗီမြို့သူတွေပို့တဲ့သင်္ကန်းကို သုံးစွဲတယ်၊ နောက် ၁၅ ရက်ပတ်လုံး ဗာရာဏသီ မြို့သူတွေပို့တဲ့သင်္ကန်းကို သုံးစွဲတယ်၊ အဲဒီလိုနည်းနဲ့ မြို့နှစ်မြို့မှာလည်း ကောင်းမြတ်တဲ့အရာမှန်သမျှ အရှင်ဗာကုလထံပဲ ပို့ကြတယ်၊ မထေရ်ဟာ အသက် ၈၀ ပတ် လုံး လူဝတ်ကြောင်ဘဝမှာနေတဲ့အခါ လက်နှစ်ချောင်းနဲ့ နံ့သာခဲ ကို ယူပြီး ရှူတဲ့အချိန်ကာလလောက်တောင် ဘာရောဂါမှမဖြစ်ပါ၊ အသက် ၈၀ ပြည့်မှာ ချမ်းချမ်းသာသာနဲ့ပဲ ရဟန်းဘဝရောက် ပါတယ်၊ ရဟန်းဘဝရောက်တော့လည်း အရှင်ဗာကုလမှာ အနာ

http://www.dhammadownload.com



ရောဂါအနည်းငယ်လေးတောင် မရှိပါ၊ ပစ္စည်း ၄-ပါး ချို့တဲ့တာလည်း မရှိပါ၊ အရှင်ဗာကုလဟာ နောင်အခါ ပရိနိဗ္ဗာန် စံခါနီးမှာတောင် သူငယ်ချင်းဟောင်း အစေလ ကဿပအား သူ့ရဲ့ ကိုယ်, စိတ်ချမ်းသာမှုကို ထင်ရှားပြတဲ့အနေနဲ့သာ ဗာကုလ သုတ္တန်အားလုံးကိုဟောပြီး အနုပါဒိသေသ ပရိနိဗ္ဗာန် စံဝင်တော်မူသွားပါတယ်၊ ဘုရားရှင်က အရှင်ဗာကုလ အသက် ထင်ရှားရှိစဉ် အချိန်မှာပဲ အရှင်ဗာကုလကို ဒီသာသနာမှာ အနာ ရောဂါကင်းတဲ့ ရဟန်းထဲက အသာဆုံးအရာမှာ ထားတော်မူပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၂၃၈)

မဝင်းမာကြည် . . .

အနာမဲ့သူ ရှင်ဗာကူအကြောင်းကို သိသွားရပါပြီ၊ အသက်ရှည်တာလည်း ကောင်းပါတယ်၊ ဂုဏ်တစ်ခုပါပဲ၊ ရောဂါကင်းတာလည်း ကောင်းပါတယ်၊ ဂုဏ်တစ်ခု ပါပဲ၊ အသက်ရှည်ပြီး မကျန်းမာရင်လည်း မကောင်းပါ၊ ကျန်းမာပြီး အသက် မရှည်ရင်လည်း မကောင်းပါ၊ အသက်ရှည်, ကျန်းမာဖို့ ရေးကံနဲ့ချည်း ဆိုင်တာမဟုတ်ပါ၊ စိတ်, ဥတု, အာဟာရတွေနဲ့လည်း ပတ်သက်ပါသေးတယ်၊ စိတ်ကောင်း, ဥတုကောင်း, အာဟာရ ကောင်းတွေကိုလည်းရပါမှ အသက်ရှည်, ကျန်းမာနိုင်ပါတယ်။

http://www.dhammadownload.com

# ဇီဝက

မဝင်းမာကြည် . . .

ဆေးဆရာအကျော်အမော် ဇီဝကဟာ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆေးဆရာကြီးထံ ဆေးပညာကို အများကြီးလည်း သင်ယူတယ်၊ မြန်မြန်လည်း သင်ယူတယ်၊ ကောင်းကောင်းလည်း စူးစမ်းတယ်၊ သင်ယူပြီးသမျှ ပညာကလည်း သူ့မှာမမေ့ပျောက်၊ အခြားသူတွေမှာ ၁၆ နှစ်ကြာ သင်ယူမှရတဲ့ ဆေးပညာကို ဇီဝကကတော့ ၇ နှစ်နဲ့ပဲသင်ယူပါတယ်၊ သိကြားမင်းကလည်း တက္ကသိုလ်ဆေးဆရာကြီးရဲ့ ကိုယ်ထဲ ဝင်ပူးပြီး ကံအကျိုးပေးရောဂါ(ဝဋ်နာ)မှတစ်ပါး ကျန်ရောဂါတွေကို ဆေးတစ်ချက်ကုသလိုက်ရုံမျှနဲ့ ပျောက်အောင် ကုသနည်းပညာကို သင်ပေးပါတယ်၊ ၇ နှစ်ပြည့်တော့ "ဇီဝကဟာ အခု ကုသနိုင်ပြီ" လို့သိပြီး သိကြားမင်းက ပူးဝင်တာကို စွန့်လွှတ်လိုက်ပါတယ်၊ ဇီဝကက ဆရာကြီးကို မေးပါတယ်။

"ဆရာ . . . ကျွန်တော်ဟာ ဆေးပညာကို များများလည်း သင်ယူပါတယ်၊ မြန်မြန်လည်း သင်ယူပါတယ်၊ ကောင်းကောင်းလည်း စူးစမ်းပါတယ်၊ သင်ယူပြီးသမျှ ပညာရပ်ကလည်း ကျွန်တော့်မှာ မမေ့ပျောက်ပါ၊ ၇ နှစ်ပတ်လုံး ကျွန်တော်သင်ယူတဲ့အခါ ဒီဆေးပညာရပ်ရဲ့အဆုံးဟာ မထင်ရှားပါ၊ ဒီဆေးပညာရပ်ရဲ့အဆုံးက ဘယ်အခါမှာ ထင်ရှားမှာပါလဲ။"

http://www.dhammadownload.com


"အမောင် ဇီဝက . . . ဒီလိုဆိုရင် ပေါက်တူးကို ယူပြီး တက္ကသိုလ်ပြည်ရဲ့ပတ်ဝန်းကျင်က တစ်ယူဇနာ (၈-မိုင်) အရပ်ကို လှည့်လည်ကာ ဆေးအသုံးမဝင်တဲ့အရာကို သယ်ဆောင်ခဲ့ပါ။"

"ကောင်းပါပြီ ဆရာ။"

ဇီဝကဟာ ပေါက်တူးကိုယူပြီး ခိုင်းတဲ့အတိုင်း ရှာဖွေပါတယ်၊ မတွေ့ပါ။

"အမောင် ဇီဝက . . . သင်ဟာ ဆေးပညာ ကောင်းကောင်းတတ် ကျွမ်းပြီ၊ သင်ဟာ ဒီလောက်နဲ့အသက်မွေးနိုင်ပြီ"

(ဝိနည်းမဟာဝါ။ ၃၇၉)

မဝင်းမာကြည် . . .

ဇီဝကလောက် ဆေးပညာ တတ်ကျွမ်းရင်တော့ အကောင်းဆုံးပေါ့၊ ဆေးဖက်မဝင်တဲ့ သစ်ပင် မတွေ့ရဘူးဆိုတော့ သူ့အဖို့ သစ်ပင်အားလုံးဟာ ဆေးဖက်ဝင်သစ်ပင်တွေဖြစ်နေတာပေါ့၊ ဇီဝကလောက် မတတ်ကျွမ်းတောင်မှ အစာလည်းဆေး, ဆေးလည်းအစာဖြစ်အောင် စားတတ်တယ် ဆိုရင်ပဲတော်လှပါပြီ၊ ကိုယ့်ပတ်ဝန်းကျင်က သစ်ရွက်, သစ်မြစ်, သစ်သီး, အပွင့် စသည်တွေကို ကျန်းမာရေးအတွက် အသုံးပြုတတ်တဲ့ပညာ ရှိရင်ကိုပဲ ကျေးဇူးများလှပါပြီ၊ ကိုယ့်အတွက်လည်း ကျေးဇူး များပါတယ်၊ "အနာနဲ့ဆေး, သင့်အောင်ပေး ပျောက်ရေးမခက်ပါ" ဆိုတဲ့အတိုင်း သင့်တော်တဲ့အရာ ပေးတတ်ရင် ဆေးအလှူလှူရာရောက်ပါတယ်၊ ဆေးအတတ်ပညာဟာ မိမိမှာ ဒီဘဝ

http://www.dhammadownload.com


ကျန်းမာဖို့လည်း ကျေးဇူးပြုပါတယ်၊ ဘဝသံသရာမှာ အရှင်ဗာကုလလို အနာရောဂါကင်းဖို့လည်း ကျေးဇူးများပါတယ်။

ဇီဝကက ဆေးအတတ်ပညာကို မသင်ယူခင် ဒီလို စဉ်းစားခဲ့ပါတယ်။

"ဆင်အတတ်၊ မြင်းအတတ်စတဲ့ အတတ်ပညာတွေက သူတစ်ပါးကို ညှဉ်းဆဲမှုနဲ့ ဆက်စပ်နေကြတယ်၊ ဆေးအတတ်ပညာက မေတ္တာရှေ့သွားရှိရတယ်၊ သတ္တဝါတွေရဲ့ အကျိုးစီးပွားနဲ့ ဆက်စပ်နေတယ်။" (ပါစိတျာဒိ၊ ဋ္ဌ၊ ၃၉၆)

အဲဒီလိုစဉ်းစားမိလို့ ဆေးအတတ်ပညာကို သင်ယူခဲ့ပါတယ်၊ ဆေးတက္ကသိုလ်က ဆရာဝန်ဘွဲ့ကိုရမှ ဆေးပညာတတ်တာမဟုတ်ပါ၊ တိုင်းရင်းဆေးပညာကို တတ်သိရင်လည်း ဆေးပညာကို တတ်သိသူပါပဲ၊ အနောက်တိုင်းဆေးပညာနဲ့ပဲဖြစ်ဖြစ်၊ တိုင်းရင်းဆေးပညာနဲ့ပဲဖြစ်ဖြစ် ရောဂါပျောက်ကင်းအောင် ကုသနိုင်ဖို့က လိုရင်းပါပဲ၊ သစ္စာဆိုပြီး ရေကိုတိုက်လို့ ရောဂါပျောက်သွားရင်လည်း အဲဒီရေဟာ ဆေးပါပဲ၊ ဘာဆေးပစ္စည်းမှ မပါဘဲ တရားရှုမှတ်သက်သက်နဲ့ ရောဂါပျောက်ကင်းသွားရင်လည်း အဲဒီ တရားရှုမှတ်မှုဟာ ဆေးပါပဲ၊ ဆရာဝန်တွေ လက်လျှော့ထားရတဲ့ရောဂါတွေတောင် တရားရှုမှတ်လိုက်လို့ ပျောက်ကင်းသွားတာတွေ များစွာပဲ ရှိပါတယ်၊ ဘာနည်းနဲ့ပဲ သူတစ်ပါးရောဂါပျောက်ကင်းသွားအောင်ကူညီပေး ကူညီပေး၊ ကူညီပေးဖူးရင် ဆေးအလှူ လှူတာနဲ့ အတူတူပါပဲ။

http://www.dhammadownload.com

# အသက်ရှည်ဖို့

မဝင်းမာကြည် . . .

အသက်ရှည်ကျန်းမာဖို့ရာ “အသက်ဉာဏ်စောင့်” ဆိုတဲ့ မြန်မာစကားအတိုင်းပါပဲ၊ အသိဉာဏ်နဲ့စောင့်ရှောက်တတ်ဖို့လိုပါတယ်၊ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အသိပညာ ဗဟုသုတတွေကို လေ့လာလိုက်စားဖို့ လိုပါမယ်၊ အရှေ့တိုင်း၊ အနောက်တိုင်း ဆေးပညာရပ်တွေကို လက်လှမ်းမီသမျှ လေ့လာ မှတ်သားထားရပါမယ်၊ သာမဏေကျော်က ဘုရားသားတော် တစ်ပါးဖြစ်တာမို့ ဘုရားရှင်ရဲ့ ကျန်းမာအသက်ရှည်ဖို့ မိန့်ကြားခဲ့ချက်တွေကို ရေးပြရပါမယ်၊ အသက်ရှည် ကျန်းမာဖို့ရာ ရှောင်ဖွယ်၊ ဆောင်ဖွယ်တွေကို ဘုရားရှင်က ဒီလိုမိန့်တော်မူခဲ့ပါတယ်။

၁။ မသင့်လျော်တဲ့အမှုတွေကို မပြုလုပ်ရပါ။

၂။ သင့်လျော်ရာမှာ အတိုင်းအရှည်ကို သိရပါတယ်။

၃။ ကြေညက်လွယ်တဲ့ အစားအစာကို စားသောက်ရပါတယ်။

၄။ အချိန်မဲ့၊ အခါမဲ့မှာ မလှည့်လည်၊ မသွားလာရပါ။

http://www.dhammadownload.com


၅။ အကျင့်မြတ်ကို ကျင့်ရပါတယ်။ (မေထုန်မှုမှ ရှောင်ကြဉ်ရပါတယ်။)

၆။ အကျင့်သီလ ရှိရပါတယ်။ ကောင်းမွန်ရပါတယ်။

၇။ မိတ်ဆွေကောင်း ရှိရပါတယ်။ (အံ၊ တ၊ ၁၂၈)

ဘုရားရှင်ရဲ့စကားတော်တွေကို အသက်အရွယ်ရလာလေလေ အသိဉာဏ်ပညာရင့်ကျက်လာလေလေ ပိုပိုပြီး သဘောပေါက်နားလည်လာ လေလေ ဖြစ်တတ်ပါတယ်၊ အဲဒီအခါ ဘုရားရှင်ရဲ့စကားတော်တွေကို ပိုပို ပြီးတော့လည်း သဘောကျ၊ လက်ခံလာလေလေ ဖြစ်လာပါတယ်၊ လက်တွေ့လိုက်နာ ကျင့်သုံး ကြည့်ရင်တော့ ပိုမိုနားလည်ကာ ပိုမိုသဘောကျလက်ခံလာပါလိမ့်မယ်။

မဝင်းမာကြည် . . .

ကောသလမင်းကြီးအား ဘုရားရှင် မိန့်ကြားခဲ့တဲ့ ကျန်းမာ, အသက်ရှည်အောင်လုပ်နည်းကို ရေးပြပါဦးမယ်၊ တစ်ချိန်မှာ ကောသလမင်းက ဆန်တစ်စိတ်ချက် ထမင်းနဲ့ အဲဒီထမင်းအား သင့်လျော်တဲ့ဟင်းကို စားတယ်၊ တစ်နေ့မှာ နံနက်စာစားပြီး ထမင်းအဆီယစ်တာကို မပယ်ဖျောက်ရသေးဘဲ ဘုရားရှင်ထံ သွားတယ်၊ ခန္ဓာကိုယ်ပင်ပန်းပြီး ဟိုဟို ဒီဒီ ပြောင်းရွှေ့နေရတယ်၊ အိပ်ချင်နေလို့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့် မလဲလျောင်းနိုင်တဲ့အတွက် သင့်တော်ရာ တစ်နေရာမှာ ထိုင်နေရပါတယ်၊ အဲဒီအခါ

http://www.dhammadownload.com


ဘုရားရှင်က မေးလို့ ကောသလမင်းက ဖြေရပါတယ်။

"မင်းကြီး . . အပန်းမဖြေဘဲသာ လာခဲ့ပါသလား။"

"မှန်ပါဘုရား . . .စားပြီးတဲ့အချိန်ကစပြီး တပည့်တော်မှာ အကြီး အကျယ် ဒုက္ခရောက်ရပါတယ်။"

"မင်းကြီး . . . အလွန်အကဲ များစွာစားရင် အဲဒီလို ဒုက္ခရောက်ရတယ်။"

"မင်းကြီး . . . အငိုက်များ, အအိပ်များ, အစားများပြီး အိပ်ရာထဲ တပြောင်းပြန်ပြန် လူးလိမ့်နေသူဟာ အစာဝနေတဲ့ ဝက်ကြီးပမာဖြစ်တယ်၊ အသိဉာဏ်နည်းပါးသူဟာ အမိဝမ်းတိုက်မှာ အထပ်ထပ်ကပ်ရောက်ရတယ်။"

"မင်းကြီး . . . အစားအစာကို အတိုင်းအတာနဲ့ စားသင့်တယ်၊ အတိုင်းအတာနဲ့စားရင် ကိုယ်, စိတ် ချမ်းသာရတဲ့ အကျိုးရတယ်။"

"မင်းကြီး . . . အမြဲ သတိရှိပြီး ရလာတဲ့အစားအစာမှာ အတိုင်းအရှည်ကိုသိသူမှာ အနာရောဂါနည်းပါးတယ်၊ ဖြည်းဖြည်း အိုတယ်၊ အသက်ရှည်တယ်။"

ကောသလမင်းကြီးက အထက်ပါ အဆုံးအမဂါထာစကားကို မသင်ယူနိုင်ပါ၊ အနီးမှာရပ်တည်နေတဲ့ တူဖြစ်သူ သုဒဿနလုလင်ကို "ချစ်သား . . . ဒီဂါထာကို သင်ယူလော" လို့ မိန့်ပါတယ်၊ တူက အဲဒီ ဂါထာကို သင်ယူပြီး "မြတ်စွာဘုရား . . . တပည့်တော်က ဘာလုပ်ရမှာပါလဲ" လို့ ဘုရားရှင်ကို မေးလျှောက်ပါတယ်၊ အဲဒီအခါ တူဖြစ်သူ သုဒဿနကို ဒီလိုမိန့်

http://www.dhammadownload.com


ပါတယ်။

"ကောသလမင်း ထမင်းသုံးဆောင်တဲ့အခါ နောက်ဆုံးထမင်းလုတ် ရောက်ခါနီးမှာ ဒီဂါထာစကားကို ရွတ်ဆိုလိုက်ပါ၊ ကောသလမင်းက အနက်အဓိပ္ပာယ်ကို မှတ်သားပြီး စွန့်လွှတ်ထမင်းလုတ်က ထမင်းလုံးတွေ အရေအတွက်နဲ့အညီ ကောသလမင်းအတွက် ထမင်းချက်တဲ့အခါ အဲဒီထမင်းလုံး အရေအတွက်ရှိ ဆန်တွေကို ဖယ်ရှားပေးပါ။"

သုဒဿနက "မှန်ပါဘုရား"လို့ လျှောက်ထားပြီး ညနေပိုင်းမှာရော နံနက်ပိုင်းမှာပါ ကောသလမင်း ထမင်းသုံးဆောင်တဲ့အခါ နောက်ဆုံးထမင်းလုတ်ရောက်ခါနီးမှာ အဲဒီဂါထာစကားကို ရွတ်ဆိုတယ်၊ ကောသလမင်းစွန့်လွှတ်လိုက်တဲ့ ထမင်းလုတ်က ထမင်းလုံးအရေအတွက်နဲ့အညီ လျှော့ပစ်လိုက်ပါတယ်၊ ကောသလမင်းကလည်း သုဒဿနထံက ဂါထာစကားကို ကြားရပြီး အသပြာတစ်ထောင်, တစ်ထောင် အပေးခိုင်းတယ်၊ ကောသလမင်းဟာ နောင်အခါမှာ တစ်ပြည်ချက် ထမင်း အလွန်ဆုံးနဲ့ ရပ်တည်နိုင်လို့ ချမ်းသာသွားတယ်၊ ခန္ဓာကိုယ် ပိန်ပါးသွားပါတယ်။ (ဓမ္မပဒ၊ ၌၊ ဒု၊ ၁၇၁)

ဝစေတတ်တဲ့အစားအစာကို စားပြီး ဝနေကြလို့ စိတ်ပျက်နေရသူတွေဟာ ဒီကောသလမင်းကြီးလို ကျင့်သုံးသင့်ကြပါတယ်၊ ခန္ဓာကိုယ် အလေးချိန် ကောသလမင်းကြီးမှာလို လျော့ပါးသွားပြီး ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ချမ်းချမ်းသာသာ ဖြစ်သွားပါလိမ့်မယ်၊ မဝင်းမာကြည်ကတော့ သင့်တင့်တဲ့ အစား

http://www.dhammadownload.com


အစာကို ဝအောင် အားရှိအောင် စားရပါမယ်၊ အတိုင်းအတာတော့ သိရပါတယ်၊ "တန်ဆေး, လွန်ဘေး" တဲ့၊ ကောသလမင်းကြီးအား ဘုရားရှင်က "အနာရောဂါကင်းပြီး ကျန်းမာတာဟာ အကောင်းဆုံးလာဘ်ပဲ" လို့ ဟောတော်မူခဲ့ပါတယ်၊ ရောဂါဝေဒနာရှိနေရင် ပစ္စည်းလာဘ်လာဘတွေရှိနေပေမယ့် လာဘ်လာဘ မရတာနဲ့တူနေတာပါပဲ၊ ဒါကြောင့် အနာရောဂါ ကင်းနေသူမှာ ပစ္စည်းလာဘ်လာဘအားလုံးဟာ ရောက်လာကြတာချည်းပါပဲ၊ ဒါကြောင့် ဘုရားရှင်က "အနာရောဂါကင်းပြီး ကျန်းမာတဲ့ လာဘ်ဟာ အကောင်းဆုံးလာဘ်လာဘပဲ" လို့ မိန့်တော်မူခဲ့တာပါပဲ၊ မဝင်းမာကြည် အကောင်းဆုံးလာဘ်ကို ရနိုင်အောင်ကြိုးစားပါ၊ သတိထားပါ။

http://www.dhammadownload.com

# ဆေးလှူခဲ့သူတစ်ဦးရဲ့အကြောင်း

မဝင်းမာကြည် . . .

ဂေါတမဘုရားရှင် လက်ထက်က တေကိစ္ဆကာရီ မထေရ် ဆိုတာ ရှိခဲ့ပါတယ်၊ အဲဒီမထေရ်ဟာ ရှေးဘုရားရှင်တွေထံ ဆုတောင်းခဲ့ပြီး ထိုထိုဘဝတွေမှာ ကောင်းမှုတွေကို ဆည်းပူးခဲ့ပါတယ်၊ ဒီ ကမ္ဘာကနေ ရေတွက်ရင် ၉၁ ကမ္ဘာအထက်မှာ ဝိပဿီဘုရားရှင်လက်ထက် အမျိုးကောင်းမှာ ဖြစ်ခဲ့ပါတယ်၊ တတ်သိနားလည်တဲ့အရွယ်ရောက်တဲ့အခါ ဆေးကျမ်းတွေမှာ တစ်ဖက်ကမ်းခတ် တတ်မြောက်တယ်၊ ဝိပဿီဘုရားရှင်ရဲ့အလုပ်အကျွေး အသောကမထေရ် အနာရောဂါရှိနေရာ အနာရောဂါကင်း သွားအောင် လုပ်ပေးတယ်၊ ရောဂါနှိပ်စက်ခံနေကြရတဲ့ အခြားသတ္တဝါတွေကိုလည်း သနားလို့ ဆေးစီစဉ်ပေးတယ်၊ သူဟာ အဲဒီကောင်းမှုကံကြောင့် နတ်, လူဘဝတွေမှာ ကျင်လည်ရတယ်၊ ဂေါတမဘုရားရှင် ပွင့်တော်မူလာတဲ့အခါ သုဗုဒ္ဓမည်တဲ့ပုဏ္ဏားရဲ့သားဖြစ်လာတယ်၊ ဆေးဆရာတွေက သူ

http://www.dhammadownload.com



အမိဝမ်းဗိုက်ထဲရှိနေတုန်း ဘေးရန်ကိုဖယ်ရှားပေးပြီး စောင့်ရှောက်ခံရလို့ သူ့ကို "တေကိစ္ဆကာရီ" လို့ နာမည်မှည့်ကြပါတယ်၊ သူဟာ သူ့အမျိုးနဲ့သင့်လျော်တဲ့ အသိပညာတွေကိုရော၊ အတတ်ပညာတွေကိုပါ သင်ယူရင်း ကြီးပြင်းခဲ့တယ်၊ အဲဒီအခါ စာဏက္ကပုဏ္ဏားက သုဗုဒ္ဓရဲ့ပညာထက်မြက်မှုနဲ့ အလုပ်ကိစ္စတွေမှာ နည်းလမ်းကျွမ်းကျင်ပုံကို မြင်သွားတယ်၊ "ဒီသုဗုဒ္ဓဟာ ဒီမင်းမျိုးမှာထောက်တည်ရာရသွားရင် ငါ့ကိုလွှမ်းမိုးနိုင်တယ်" လို့ မနာလိုဖြစ်ပြီး စန္ဒဂုတ္တမင်းကို အဲဒီသုဗုဒ္ဓအား ထောင်ထဲထည့်ခိုင်းတယ်။

သားဖြစ်သူ တေကိစ္ဆကာရီက ဖခင် ထောင်သွင်းခံရတာကို ကြားရပြီး ကြောက်လို့ပြေးတယ်၊ သာဏဝါသီမထေရ်ထံသွားကာ သူ့သံဝေဂ ဖြစ်ရခြင်းအကြောင်းကို မထေရ်အား ပြောပြပြီး ရဟန်းဝတ်တယ်၊ ကမ္မဋ္ဌာန်း ယူပြီး ဟင်းလင်းပြင်မှာနေတဲ့ စုတင်နဲ့၊ ထိုင်တဲ့စုတင်(မလဲလျောင်းတဲ့စုတင်)ကို ဆောင်ကာနေတယ်၊ အအေး၊ အပူကို ဂရုမစိုက်ဘဲ ရဟန်းတရားကိုသာ အားထုတ်တယ်၊ အထူးအားဖြင့် ဗြဟ္မဝိဟာရဘာဝနာကို အားထုတ်တယ်၊ ဝိပဿနာကိုပါ အားထုတ်လိုက်ရာ ရဟန္တာဖြစ်သွားပါတယ်၊ မထေရ်က သူ့ဘဝအကြောင်းကို ပြန်ပြောရာမှာ ဆေးအလှူရဲ့အကျိုးကိုပါ ထည့်ပြောသွားပါတယ်။

"၉၁-ကမ္ဘာထက်မှာ ငါဟာ ဝိပဿီဘုရားရှင်ရဲ့ အလုပ်အကျွေး အသောကမထေရ်အား ဆေးလှူခဲ့ပါတယ်၊ အဲဒီ ၉၁ ကမ္ဘာမှာ ငါဟာ အပါယ်ကို မလားရောက်ခဲ့ရပါ၊ အဲဒါဟာ

http://www.dhammadownload.com



ဆေးအလှူရဲ့အကျိုးပါပဲ၊ ဒီကမ္ဘာကနေ ၈ ခုမြောက်ကမ္ဘာမှာ သဗ္ဗောသမည်တဲ့ စကြဝတေးမင်း ဖြစ်ခဲ့ရပါတယ်၊ ရတနာ ၇ ပါးနဲ့ပြည့်စုံခဲ့တယ်၊ အင်အားကြီးမားခဲ့တယ်။”

(ထေရ၊ ၄၊ ၃၊ ၈၅)

မဝင်းမာကြည် . . .

ဒီမထေရ်ရခဲ့တဲ့ဆေးအလှူရဲ့အကျိုးဟာလည်း အားရစရာပါပဲ၊ ဆေးအလှူပဲဖြစ်ဖြစ်၊ အခြားအလှူပဲဖြစ်ဖြစ် ပြုလုပ်နိုင်ရင် ပြုလုပ်နိုင်သလောက် ဘဝသံသရာခရီးမှာ ကိုယ့်အတွက် အားကိုးအားထားစရာ ဖြစ်တာချည်းပါပဲ။

http://www.dhammadownload.com

# ဘုရားရှင်အား ဆေးပေးခဲ့တဲ့မထေရ်

မဝင်းမာကြည် . . .

ဘုရားရှင် မကျန်းမာတဲ့အခါ ဘုရားရှင်အား ဆေးလှူခဲ့တဲ့ ဥပဝါနမထေရ်အကြောင်း ရေးပြပါဦးမယ်၊ ဥပဝါနမထေရ်ဟာ ရှေးဘုရားရှင်တွေထံမှာဆုတောင်းခဲ့တယ်၊ ထိုထိုဘဝတွေမှာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုတွေကို ဆည်းပူးခဲ့ပါတယ်၊ ပဒုမုတ္တရာဘုရားရှင်လက်ထက်မှာ ဆင်းရဲတဲ့အမျိုးမှာ ဖြစ်ခဲ့တယ်၊ တတ်သိနားလည်တဲ့အရွယ်ရောက်တဲ့အခါ ပဒုမုတ္တရာဘုရားရှင် ပရိနိဗ္ဗာန်စံတယ်၊ ပဒုမုတ္တရာဘုရားရှင်ရဲ့ဓာတ်တော်ကိုယူပြီး နတ်၊ လူ၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ဘီလူး၊ ဂန္ဓဗ္ဗတွေက ရတနာ ၇ ပါးနဲ့ပြီးတဲ့ ၇ ယူဇနာရှိ စေတီကို ပြုလုပ်ကြတယ်၊ အဲဒီစေတီမှာ ကောင်းကောင်းဖွပ်လျှော်ထားတဲ့ သူ့ရဲ့အပေါ်ရုံအဝတ်ကို ဝါးအဖျားမှာချိတ်ဖွဲ့ပြီး တံခွန်ပြုလုပ်ကာ ပူဇော်မှုပြုတယ်၊ အဲဒီတံခွန်ကိုယူပြီး အဘိသမ္မတမည်တဲ့ ဘီလူးစစ်သူကြီးက ကိုယ်ထင်မပြဘဲ အဲဒီတံခွန်ကို ကောင်းကင်မှာ ဆောင်ထားရင်း စေတီကို ၃ ကြိမ်တိုင်တိုင် လက်ယာရစ်လှည့်တယ်၊ အဲဒီနတ်ဘီလူးစစ်သူကြီး

http://www.dhammadownload.com



ကို နတ်တွေက စေတီပူဇော်မှုကို စောင့်ရှောက်ဖို့ထားပါတယ်၊ အဲဒီဘီလူးစစ်သူကြီးဟာ အဲဒီစေတီကို မြင်ရပြီး အတိုင်းထက် အလွန် ကြည်ညိုစိတ်ဖြစ်တယ်၊ အဲဒီကောင်းမှုကံကြောင့် နတ်လူ ဘဝတွေမှာ ကျင်လည်ရတယ်။

ဂေါတမဘုရားရှင် ပွင့်တော်မူတဲ့အခါမှာ သာဝတ္ထိမြို့က ပုဏ္ဏားမျိုးမှာဖြစ်တယ်၊ ဥပဝါနလို့ အမည်ရတယ်၊ အရွယ် ရောက် တဲ့အခါ ဇေတဝန်ကျောင်း အလှူခံရာမှာ ဘုရားရှင်ရဲ့ တန်ခိုးကို မြင်ရပြီး သဒ္ဓါတရားဖြစ်ကာ ရဟန်းဝတ်လိုက်တယ်၊ ဝိပဿနာ အလုပ်အားထုတ်လိုက်ရာ ရဟန္တာဖြစ်ကာ အဘိညာဉ် ၆ ပါးကို ရသွားတယ်၊ ဘုရားရှင် မကျန်းမမာဖြစ်တဲ့အခါ ဥပဝါန မထေရ် က ရေနွေးနဲ့ အဲဒီရေနွေးနဲ့လိုက်ဖက်တဲ့ ဖျော်ရည်ဆေးကိုပါ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းတယ်၊ အဲဒီရေနွေးနဲ့ ဖျော်ရည် ဆေးကြောင့် ဘုရားရှင်ရဲ့ ရောဂါ ပျောက်ကင်းသွားပါတယ်၊ ဘုရားရှင်က ဥပဝါနမထေရ်အား အနုမောဒနာစကား မိန့်ကြား တော်မူပါတယ်။ (အပဒါန်၊ ၄၊ ဒု၊ ၃၈)

မဝင်းမာကြည် . . .

"အနာနဲ့ဆေး၊ သင့်အောင်ပေး၊ ပျောက်ရေး မခက်ပါ" ဆိုတဲ့အတိုင်းပါပဲ၊ မကျန်းမာမှုဖြစ်နေတဲ့ဘုရားရှင်အား ဥပဝါန မထေရ်က သင့်တော်ရာဆေး ဆက်ကပ်လိုက်လို့ အလွယ် တကူ ပဲ ပျောက်ကင်းသွားပါတယ်၊ အနာရောဂါနဲ့ သင့်တော်တဲ့ ဆေး ကို တတ်သိနားလည် ကျွမ်းကျင်မယ်ဆိုရင် သင့်တော်တဲ့ဆေး

http://www.dhammadownload.com


ဟာ ကိုယ့်အနီးပတ်ဝန်းကျင်မှာပဲ ရှိနေတတ်ပါတယ်၊ သင့်တော်တဲ့ ဆေး, သင့်တော်တဲ့အစားအစာတွေကို ရွေးချယ် စားသုံးတတ်ကြရင် သိပ်ကောင်းမှာပဲ၊ ကိုယ့်ကျန်းမာရေးအတွက် လိုအပ်တဲ့ အတိုင်းအတာအထိ လူတိုင်းပဲ ဆေးပညာကို တတ်သိနားလည်ထားသင့်ကြပါတယ်။

http://www.dhammadownload.com

# ဆေးလှူချင်တဲ့မဟာနာမ်

မဝင်းမာကြည် . . .

မဟာနာမ်သာကီဝင်ဟာ သူ့မှာဆေးတွေ ပေါများနေလို့ သက္ကတိုင်း, ကပိလဝတ္ထုမြို့က နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးနေတဲ့ ဘုရားရှင်ထံသွားတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး သင့်တင့်ရာ အရပ်မှာထိုင်ကာ ဘုရားရှင်ကို ဒီလိုလျှောက်ထားပါတယ်။

"မြတ်စွာဘုရား . . . တပည့်တော်ဟာ သံဃာကို ၄ လပတ်လုံး ဆေးပစ္စည်းနဲ့ ဖိတ်မံလိုပါတယ်။"

"သာဓု, သာဓု . . . မဟာနာမ် . . . ဒီလိုဆိုရင် သင်ဟာ သံဃာကို ၄ လပတ်လုံး ဆေးပစ္စည်းနဲ့ ဖိတ်မံပါ။"

ရဟန်းတွေက သံသယဖြစ်ပြီး လက်မခံကြပါ၊ ဘုရားရှင်အား အဲဒီအကြောင်းကိုလျှောက်ထားပြကြရာ ၄ လပတ်လုံး ဆေးပစ္စည်းနဲ့ ဖိတ်မံတာကို လက်ခံဖို့ ရဟန်းတွေအား ဘုရားရှင်က ခွင့်ပြုတော်မူပါတယ်။

အဲဒီအခါ ရဟန်းတွေက မဟာနာမ်ကို ဆေးအနည်းပဲ တောင်းကြ ပါတယ်၊ အရင်ကလိုပဲ မဟာနာမ်မှာ ဆေးက ပေါ

http://www.dhammadownload.com



များနေပါတယ်၊ မဟာနာမ်က သံဃာကို နောက်ထပ် ၄ လ ဆေးပစ္စည်းနဲ့ဖိတ်မံပြန်ပါတယ်၊ ဘုရားရှင်ကလည်း ခွင့်ပြုပါတယ်၊ ရဟန်းတွေက မဟာနာမ်ကို ဆေးအနည်းငယ်ပဲ တောင်းကြပါတယ်၊ အရင်ကလိုပဲ မဟာနာမ်မှာ ဆေးက ပေါများနေပါသေးတယ်၊ မဟာနာမ်ဂ သံဃာကို အသက်ထက်ဆုံး ဆေးပစ္စည်းနဲ့ ဖိတ်မံပါတယ်၊ ဘုရားရှင်ကလည်း ခွင့်ပြုပါတယ်။

မဟာနာမ်က အဝတ်, အရုံ, အသွင်အပြင် အမူအရာ အချိုးမကျတဲ့ ဆဗ္ဗဂ္ဂီရဟန်းတွေကို ဒီလိုပြောပါတယ်။

"အရှင်ဘုရားတို့ . . . အရှင်ဘုရားတို့ဟာ ဘာကြောင့် အဝတ်, အရုံ, အမူအရာ အချိုးမကျကြပါသလဲ၊ ရဟန်းဆိုတာ အဝတ်, အရုံ, အမူ အရာ အချိုးကျကြရမယ်မဟုတ်လား။"

ဆဗ္ဗဂ္ဂီရဟန်းတွေက မဟာနာမ်အပေါ် ရန်ငြိုးထားကာ မဟာနာမ် မျက်နှာပျက်စေမယ့်နည်းလမ်းကို ရှာကြံကြပါတယ်၊ မဟာနာမ်ကို ထောပတ်တစ်စိတ်သား တောင်းကြပါတယ်၊ ထောပတ်သယ်ယူဖို့လူတွေ နွားခြံ သွားနေတာမို့ ခဏ စောင့်ဆိုင်းဖို့ ပြောပြီး အချိန်ကျရင် ဆောင်ပေးပါမယ်လို့ မဟာနာမ်က ပြောတယ်၊ သုံးကြိမ်မြောက်ထိ တောင်းကြတယ်၊ စောင့်ဆိုင်းဖို့ မဟာနာမ်က ပြောရာ ဆဗ္ဗဂ္ဂီတွေက "မလှူချင်ဘဲနဲ့ ဘာလို့ ဖိတ်မံရတာလဲ" လို့ မဟာနာမ်ကို ကဲ့ရဲ့ကြပါတယ်။ (ပါစိတ်၊ ၁၃၅)

မဝင်းမာကြည် . . .

မဟာနာမ်ဟာ ဘုရားနဲ့ညီအစ်ကိုတစ်ဝမ်းကွဲ တော်စပ်တယ်၊ သဒ္ဓါတရား အင်မတန်ထက်သန်တယ်၊ သံဃာကို ဆေး

http://www.dhammadownload.com



အမြဲလှူလိုတယ်၊ ရဟန်းတွေက ဆေးပစ္စည်းအလှူခံရာမှာ အတိုင်းအတာကို သိကြပါပေတယ်၊ ဆဗ္ဗဂ္ဂီရဟန်းတွေကို မဟာနာမ်က ပြုပြင်လိုတဲ့စိတ်ထားနဲ့ ပြောကြားတာဟာ အတုယူစရာ, မှတ်သားစရာပါပဲ။

http://www.dhammadownload.com

# ဝမ်းအကြိမ် ၃၀ လျှောတယ်

မဝင်းမာကြည် . . .

ဘုရားရှင်လည်း ဆေးကုသမှုခံယူရတဲ့အခါ ရှိတယ်၊ ဆေးဆရာကတော့ ဇီဝကပဲပေါ့၊ တစ်ချိန်မှာ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်မှာ သွေး၊ သလိပ်စတဲ့အပြစ်တွေ ပေါများနေတယ်၊ ဝမ်းနုတ်ဆေး သောက်လိုကြောင်းကို ဘုရားရှင်က အရှင်အာနန္ဒာအား မိန့်တော်မူတယ်၊ အရှင်အာနန္ဒာက ဇီဝကကို အဲဒီအကြောင်း ပြောပြရာ ဘုရားရှင်ရဲ့ခန္ဓာကိုယ်ကို ရက်အနည်းငယ် ဆီနှူးပါ (အစေးခာတ်များအောင်လုပ်ပါ)လို့ ဇီဝကက အရှင်အာနန္ဒာကို လျှောက်ထားတယ်၊ အရှင်အာနန္ဒာက ဇီဝက ပြောတဲ့အတိုင်း လုပ်ပြီးတဲ့အခါ "ဘုရားရှင်အား ကြမ်းတမ်းတဲ့ ဝမ်းနုတ်ဆေး ပေးရင် မသင့်တော်" လို့ ဇီဝကမှာ အတွေးပေါ်လာလို့ ကြာပွင့် ၃ လက်ကို ဆေးအမျိုးမျိုးတွေနဲ့ ထုံမွမ်းပြီး ဘုရားရှင်ထံသွားကာ "ပထမကြာပွင့်ကိုရှူရင် ၁၀ ကြိမ်၊ ဒုတိယ ကြာပွင့်ကိုရှူရင် ၁၀ ကြိမ်၊ တတိယကြာပွင့်ကိုရှူရင် ၁၀ ကြိမ် ဝမ်းလျှောပါလိမ့်မယ်" လို့ လျှောက်ထားပြီး ကြာပွင့် ၃ လက်ကို ဘုရားရှင်အား ဆက်ကပ်လိုက်ပါတယ်၊ အဲဒီနည်းနဲ့ ဘုရားရှင်မှာ အကြိမ်ပေါင်း ၃၀ ဝမ်းလျှောပါလိမ့်မယ်။

http://www.dhammadownload.com



ဇီဝကက ဘုရားရှင်အား အကြိမ် ၃၀ ဝမ်းလျှောစေမယ့် ဆေးကို လှူပြီး ရှိခိုးအရိုအသေပြုကာပဲ သွားပါတယ်၊ တံခါးမုခ်အပြင်ဘက်ထွက်သွားတဲ့ ဇီဝကမှာ ဒီလိုအကြံဖြစ်ပေါ်လာတယ်။

"ငါဟာ အကြိမ် ၃၀ ဝမ်းလျှောစေမယ့်ဆေးကို ပေးပြီးပြီ၊ ဘုရား ရှင်ရဲ့ကိုယ်မှာ သွေး, သလိပ်စတဲ့အပြစ်တွေ များနေတယ်၊ အဲဒီဆေးက ဘုရားရှင်ကို အကြိမ် ၃၀ ဝမ်းလျှောစေမှာမဟုတ်၊ ၂၉ ကြိမ်ပဲ ဝမ်းလျှောစေပါလိမ့်မယ်၊ တကယ်တော့ ဘုရားရှင်ဟာ ဝမ်းလျှောပြီး ရေချိုးလိမ့်မယ်၊ အဲဒီ အခါ တစ်ကြိမ် ဝမ်းလျှောလိမ့်မယ်၊ အဲဒီနည်းနဲ့ အကြိမ် ၃၀ ဝမ်းလျှောပါလိမ့်မယ်။"

ဘုရားရှင်က ဇီဝကရဲ့အဲဒီစိတ်အကြံကိုသိပြီး အရှင်အာနန္ဒာကို ပြောပြကာ ရေနွေးယူခဲ့ဖို့ မိန့်ပါတယ်၊ အရှင်အာနန္ဒာက "မှန်ပါဘုရား" လို့ လျှောက်ထားပြီး ရေနွေးကို စီမံပေးပါတယ်၊ ဇီဝကက ဘုရားရှင်ထံသွားကာ ရှိခိုးပြီး သင့်တင့်ရာ အရပ်မှာ ထိုင်လျက် ဒီလိုလျှောက်ပါတယ်။

"မြတ်စွာဘုရား . . .ဝမ်းလျှောပြီးပါပြီလားဘုရား။"

"ဇီဝက . . . ပြီးသွားပြီ။"

ဇီဝကက သူ့အကြံဖြစ်ပုံကို လျှောက်ထားပြီး ရေချိုးဖို့ လျှောက်ပါတယ်၊ ရေနွေးနဲ့ချိုးပါတယ်၊ တစ်ကြိမ် ဝမ်းလျှောပါတယ်၊ အကြိမ် ၃၀ ပြည့်သွားပါတယ်၊ ဇီဝကက ဘုရားရှင်ကို ဒီလိုလျှောက်ပါတယ်။

http://www.dhammadownload.com


"ဘုရားရှင်ရဲ့ခန္ဓာကိုယ် ပကတိအတိုင်းဖြစ်သည့်တိုင်အောင် ဆေးရည်နဲ့ရောတဲ့ ဆွမ်းနဲ့ မျှတတော်မူပါ။"
(ဝိနည်း၊ မဟာဝါ၊ ၃၉၀)

မဝင်းမာကြည် . . .

ဗိုဝကက ကြာပွင့်နဲ့ပဲ ဝမ်းလျှောအောင် လုပ်သွားပါတယ်၊ ကျွမ်းကျင်တဲ့ဆေးဆရာတွေဟာ အဲဒီလို အလွယ်တကူ ရနိုင်တဲ့ သင့်တင့်ရာဆေးနဲ့ပဲ ရောဂါပျောက်အောင် ကုသနိုင်စွမ်း ရှိကြပါတယ်၊ မဝင်းမာကြည်ရဲ့ အဖေနဲ့အဘိုး ဆေးဆရာကြီးတွေကလော ဒီလိုအစွမ်းပြပြီး ကုသသွားတာ တွေ့ခဲ့ဖူးလား၊ အဘိုးနဲ့အဖေတို့ရဲ့ဆရာဖြစ်တဲ့ ဆရာတော် ဦးပညာသီဟက လည်း တိုင်းရင်းဆေးပညာအရာမှာ အတော်ကိုပဲ ကျွမ်းကျင်တယ် နော်၊ ဆေးဆရာကြီးတွေဖြစ်ကြတဲ့ အဲဒီပုဂ္ဂိုလ်ကြီး ၃ ဦးကို သာမဏေကျော်တော့ မြင်ယောင်နေမိပါတယ်။

http://www.dhammadownload.com

# ကိုယ်ပူနာနဲ့ ကြာစွယ် ကြာရင်း

မဝင်းမာကြည် . . .

အရှင်သာရိပုတ္တရာက ဘုရားရှင်ရဲ့တပည့် ရဟန်းတွေထဲမှာ ပညာအရာအသာဆုံးတပည့်ကြီးဖြစ်တယ်၊ အရှင်မဟာမောဂ္ဂလ္လာန်ကတော့ တန်ခိုးအရာအသာဆုံးပုဂ္ဂိုလ်ဖြစ်ပါတယ်၊ အရှင်သာရိပုတ္တရာ မကျန်းမမာ ဖြစ်တဲ့အခါ အရှင်မဟာမောဂ္ဂလ္လာန်က ကူညီဆောင်ရွက်ပေးလေ့ရှိပါတယ်၊ တစ်ချိန်မှာ အရှင်သာရိပုတ္တရာမှာ ကိုယ်ပူနာဖြစ်နေပါတယ်၊ အဲဒီအခါ အရှင်မဟာမောဂ္ဂလ္လာန်က အရှင်သာရိပုတ္တရာထံသွားပြီး ဒီလို လျှောက်ထားပါတယ်။

"ငါ့ရှင် သာရိပုတ္တရာ . . . အရှင်က ကိုယ်ပူနာ သင့်မှာဖြစ်ခဲ့စဉ်က ဘာဆေးနဲ့ပျောက်ကင်းခဲ့ပါသလဲ။"

"ငါ့ရှင် မဟာမောဂ္ဂလ္လာန် . . . ကြာစွယ်၊ ကြာရင်းတွေနဲ့ပါ။"

အရှင်မဟာမောဂ္ဂလ္လာန်က အားရှိတဲ့ ယောက်ျားရဲ့

http://www.dhammadownload.com



လက်တစ်ကွေး၊ လက်တစ်ဆန့်ကာလလောက်နဲ့ ဇေတဝန်ကျောင်းက တန်ခိုးနဲ့ ကွယ်ပျောက်ပြီး မန္ဒာကိနီရေကန်ရဲ့ ကမ်းပေါ် ရောက်သွားပါတယ်၊ ဆင်ပြောင်တစ်ကောင်က အရှင်မဟာမောဂ္ဂလ္လာန် လာနေတာကို အဝေးကပဲ မြင်သွားလို့ အရှင် မဟာမောဂ္ဂလ္လာန်ကို လျှောက်ပါတယ်။

"အရှင်ဘုရား၊ ကြွတော်မူပါ၊ အရှင် မဟာ မောဂ္ဂလ္လာန်ရဲ့ ကြွလာခြင်းဟာ ကောင်းတဲ့ကြွလာခြင်းပါ၊ အရှင်ဘုရား ဘာအလိုရှိပါသလဲ၊ ဘာကို တပည့်တော် လှူရပါမလဲ။"

"ဒကာ ဆင်ပြောင် . . . ကြာစွယ်၊ ကြာရင်းတွေကို အလိုရှိပါတယ်။"

အဲဒီဆင်ပြောင်က အခြားဆင်ပြောင်ကို ခိုင်းပါတယ်။

"မိတ်ဆွေ . . . တိုက်တွန်းပါတယ်၊ အရှင်မဟာမောဂ္ဂလ္လာန်အား ကြာစွယ်၊ ကြာရင်းတွေကို အလိုရှိသလောက် လှူလိုက်ပါ။"

အဲဒီဆင်ပြောင်က မန္ဒာကိနီရေကန်ထဲ ဆင်းပြီး နှာမောင်းနဲ့ ကြာစွယ်၊ ကြာရင်းတွေကို နုတ်ပါတယ်၊ ကောင်းကောင်း ခါပြီး အထုပ်ထုပ်ကာ အရှင်မဟာမောဂ္ဂလ္လာန်ထံ သွားပါတယ်၊ အရှင်မဟာမောဂ္ဂလ္လာန်ဟာ အလာတုန်းကလိုပဲ တန်ခိုးနဲ့ ပြန်ကြွပါတယ်၊ အဲဒီဆင်ပြောင်ကလည်း မန္ဒာကိနီရေကန်ကမ်းနားမှာ ကွယ်ပျောက်ကာ ဇေတဝန်ကျောင်းမှာ ရောက်သွားပါတယ်၊ အဲဒီဆင်ပြောင်က အရှင်မဟာမောဂ္ဂလ္လာန်အား ကြာစွယ်၊ ကြာရင်းတွေကို ဆက်ကပ်ပါတယ်၊ ပြီးတော့ ဇေတဝန်

http://www.dhammadownload.com



ကျောင်းမှ ကွယ်ပျောက်ပြီး မန္တာကိနီရေကန်ကမ်းနား ရောက်သွားပါတယ်၊ အရှင်မဟာမောဂ္ဂလ္လာန်က အရှင်သာရိပုတ္တရာအား ကြာစွယ်, ကြာရင်းတွေကို ဆက်ကပ်ပါတယ်၊ အရှင်သာရိပုတ္တရာက ကြာစွယ်, ကြာရင်းတွေကို ဘုဉ်းပေးလိုက်တဲ့အခါ ကိုယ်ပူနာ ပျောက်ကင်းသွားပါတယ်။ (ဝိနည်းမဟာဝါ၊ ၃၀၈)

မဝင်းမာကြည် . . .

အရှင်မဟာမောဂ္ဂလ္လာန် အကူအညီပေးလိုက်ရလို့ အရှင်သာရိပုတ္တရာရဲ့ရောဂါ ပျောက်သွားတဲ့အခါ အရှင် သာရိပုတ္တရာ သာမက အရှင်မဟာမောဂ္ဂလ္လာန်ပါ ဝမ်းသာမှာမလွဲပါ၊ ဆင်ပြောင်ကြီး ၂ ကောင်ပါ သိသွားရင်တော့ သူတို့လည်း ဘယ်မှာ ဝမ်းမသာဘဲရှိပါ့မလဲ၊ သင့်တင့်တဲ့ဆေးကို အရေးတကြီး လိုအပ်တဲ့အခါ အရှင်မဟာမောဂ္ဂလ္လာန်မှာ ထိုခရီးဝေးကို တစ်ခဏလေးနဲ့ရောက်အောင် မသွားနိုင်ခဲ့ရင် အရှင်သာရိပုတ္တရာရဲ့ ရောဂါဟာ ဒီလို လွယ်လွယ်ကူကူနဲ့ပျောက်ဖို့ မလွယ်ပါ၊ တန်ခိုးရှိစေဦးတော့ အရှင်သာရိပုတ္တရာအပေါ် ကူညီလိုတဲ့ စိတ်ထားမရှိခဲ့ရင်လည်း မဖြစ်နိုင်ပါ၊ အရှင်သာရိပုတ္တရာ မကျန်းမာတဲ့အခါ ဥပေက္ခာ ပြုမနေဘဲ ကရုဏာ ထားကာ ပြုစုပေးတဲ့ အရှင်မဟာမောဂ္ဂလ္လာန်ဟာ ကြည်ညိုစရာကောင်းလှပါတယ်၊ ခေါင်ထိပ်ပညာရှင်ကြီးအပေါ် ခေါင်ထိပ်တန်ခိုးရှင်ကြီးရဲ့ ခေါင်ထိပ် ကရုဏာ, မေတ္တာတွေကို သိရှိရတာဟာ ကြည်နူးစရာကောင်းလှပါပေတယ်။

http://www.dhammadownload.com



မဝင်းမာကြည် . . .

တစ်ခါမှာတော့ အရှင်သာရိပုတ္တရာမှာ လေနာရောဂါ ဖြစ်ပေါ်ပါတယ်၊ အရှင်မဟာမောဂ္ဂလ္လာန်က အရှင်သာရိပုတ္တရာ ထံသွားပြီး "အရင်က လေနာဖြစ်ခဲ့တဲ့အခါ ဘာဆေးနဲ့ ချမ်းသာ ရာ ရခဲ့ပါသလဲ" လို့ မေးပါတယ်၊ "ကြက်သွန်ဖြူနဲ့" လို့ ဖြေလို့ ဘုရားရှင်အား လျှောက်ပြကြတဲ့အခါ အနာရောဂါရှိရင် ကြက် သွန်ဖြူ စားဖို့ ဘုရားရှင်က ခွင့်ပြုလိုက်ပါတယ်။

ကြက်သွန်ဖြူစားပြီး တရားနာပရိသတ်ထဲ အနှောင့် အယှက် ဖြစ်မှာစိုးလို့ သင့်တင့်တဲ့နေရာမှာ သွားထိုင်နေတဲ့ ရဟန်းတစ်ပါးကို အကြောင်းပြုပြီး ကြက်သွန်ဖြူစားဖို့ တားမြစ် ခဲ့ပါတယ်၊ ရောဂါရှိရင်စားဖို့ ထပ်မံခွင့်ပြုတာ ဖြစ်ပါတယ်။

(စူဠဝါ၊ ၂၈၂)

http://www.dhammadownload.com

# အစွမ်းထက်တဲ့ သစ္စာစကား

မဝင်းမာကြည် . . .

သစ္စာစကားဟာ ဆေးထက် အစွမ်းထက်နေတာကို တွေ့ရပါတယ်၊ မဟာမိတ္တမထေရ်ရဲ့ သစ္စာစကားစွမ်းအားကို ရှုစားကြည့်ပါဦး။

မဟာမိတ္တမထေရ်ရဲ့မယ်တော်မှာ နို့အိုင်းနာ ပေါက်နေပါတယ်။ အဲဒီ ဒကာမကြီးရဲ့သမီးကလည်း ဘိက္ခုနီတွေထဲမှာ ရဟန်းဝတ်နေပါတယ်။ အဲဒီ မိခင်ဒကာမကြီးက အဲဒီသမီး ဘိက္ခုနီမကို 'သမီး သွားပါ၊ သင့် မောင်ထံသွားပြီး ငါနေမကောင်း ကြောင်းကို ပြောကာ ဆေးကိုတောင်းယူခဲ့ ပါ' လို့ပြောပါတယ်။ အဲဒီသမီး ဘိက္ခုနီမကသွားပြီး မောင်တော်အား လျှောက်တယ်။ မဟာမိတ္တမထေရ်က 'ငါဟာ ဆေးမြစ်စသည်တွေကို စုဆောင်း ပြီး ဆေးကို ကျိုချက်ဖို့ နားမလည်ပါ။ ဒါပေမယ့် ဆေးကို ပြော ကြားလိုက်ပါမယ်။ 'ငါဟာ ရဟန်းပြုပြီးတဲ့အချိန်ကစပြီး တပ် မက်စိတ်နဲ့ မျက်စိစတဲ့ဣန္ဒြေတွေကို ဖျက်ကာ အမျိုးသမီးရဲ့ အဆင်းကို မကြည့်ဖူးပါ။ ဒီမှန်ကန်တဲ့သစ္စာစကားကြောင့် ငါ့ရဲ့ မယ်တော်မှာ ချမ်းသာခြင်းဖြစ်ပါစေသတည်း။ သင်သွားကာ

http://www.dhammadownload.com



ဒီသစ္စာစကားကိုဆိုပြီး ဒကာမကြီးရဲ့ကိုယ်ကို သုံးသပ်လိုက်ပါ' လို့ပြောတယ်။

နှမတော်ဘိက္ခုနီမဟာ မိခင်ထံကို သွားပြီး အဲဒီအကြောင်းကို ပြောပြတယ်။ မထေရ်မိန့်မှာလိုက်တဲ့အတိုင်း သစ္စာဆိုတယ်။ မယ်တော်ဒကာမကြီးရဲ့ အိုင်းအနာဟာ အဲဒီခဏမှာပဲ ရေမြှုပ်စိုင်ပမာ ကြေမွပြီး ပျောက်သွားတယ်။ မယ်တော်ဒကာမကြီးဟာ အိပ်ရာမှထကာ 'ဘုရားရှင်သက်တော် ထင်ရှားရှိခဲ့မယ်ဆိုရင် ငါ့သားနဲ့တူတဲ့ရဟန်းကောင်းရဲ့ဦးခေါင်းကို ကွန်ရက် ဇာလက္ခဏာနဲ့ ဆန်းကျယ်တဲ့ရွှေလက်တော်နဲ့ ဘာကြောင့် မသုံးသပ်ဘဲရှိမှာလဲ" လို့ ဝမ်းမြောက်ဝမ်းသာစကားကို ကျူးရင့်ပါတယ်။ (ဝိသုဒ္ဓိမဂ်၊ ပ၊ ၃၈)

တပ်မက်တဲ့စိတ်နဲ့ အမျိုးသမီးကို မကြည့်ဖူးတဲ့ယောကျ်ားဟာ ရှာမှရှားဖြစ်သလို တပ်မက်တဲ့စိတ်နဲ့ အမျိုးသားကို မကြည့်ဖူးတဲ့အမျိုးသမီးဟာလည်း ရှာမှရှားပဲဖြစ်ပါလိမ့်မယ်။ ရဟန်းဝတ်ကတည်းက အမျိုးသမီးကို တပ်မက်တဲ့စိတ်နဲ့ မကြည့်ဖူးတဲ့ မဟာမိတ္တမထေရ်ရဲ့ အနေအထားဟာ ဘယ်လောက် သဘောကျစရာကောင်းသလဲ။ သူ့မယ်တော်ကြီး တွေးသလို ဘုရားရှင်လက်ထက်ကသာဆိုယင် ဘုရားရှင်က မဟာမိတ္တ မထေရ်ကို ချီးကျူးမှာ သေချာပါတယ်။ ဒီအရည် အသွေးကောင်းကို သစ္စာဆိုနိုင်တဲ့ မဟာမိတ္တ မထေရ်ရဲ့စကားဟာ ဘယ်မှာ အစွမ်းမထက်ဘဲ ရှိတော့မလဲ။

http://www.dhammadownload.com

# လေနာရောဂါနဲ့သီလ

မဝင်းမာကြည် . . .

အရှင်သာရိပုတ္တရာဟာ အရှင်မဟာမောဂ္ဂလ္လာန် လောက် ကျန်းမာရေးကောင်းပုံမပေါ်ပါ၊ ကျန်းမာရေးကောင်းတဲ့ အရှင်မဟာမောဂ္ဂလ္လာန်က ကျန်းမာရေးမကောင်းရှာတဲ့ အရှင် သာရိပုတ္တရာကို အမြဲပဲ အကူအညီပေးလေ့ရှိပါတယ်၊ ကြည်ညို စရာပါပဲ။

အခါတစ်ပါးမှာ အရှင်သာရိပုတ္တရာ ဖလသမာပတ်ကို ဝင်စားနေလိုလို့ အရှင်မဟာမောဂ္ဂလ္လာန်နဲ့အတူ တောတစ်တော မှာ သီတင်းသုံးနေတယ်။ အဲဒီအခါ တစ်နေ့မှာ အရှင်သာရိ ပုတ္တရာရဲ့ဝမ်းဗိုက်မှာ လေနာဖြစ်ပေါ်လာလို့ အလွန်ဆင်းရဲခြင်း ကို ဖြစ်စေတယ်။ အရှင်မဟာမောဂ္ဂလ္လာန်က ညနေချမ်းအခါ အရှင်သာရိပုတ္တရာထံဆည်းကပ်ဖို့သွားတဲ့အခါ အရှင်သာရိပုတ္တ ရာ လဲလျောင်းနေတာကို တွေ့မြင်သွားတယ်။ လျောင်းနေခြင်းရဲ့ အကြောင်းကိုမေးပြီး 'ငါ့ရှင် ရှေးက သင့်မှာ ဘယ်ဆေးနဲ့ ချမ်းသာဖူးပါသလဲ' လို့ မေးတယ်။ အရှင်သာရိပုတ္တရာက 'ငါ့ရှင်

http://www.dhammadownload.com


လှူဝတ်ကြောင်ဘဝတုန်းက ငါ့ရဲ့မယ်တော်ဟာ ထောပတ် ပျား သကာတွေနဲ့ရောနှောပြီး ရေမပါတဲ့ ဃနာနို့ထမင်းကို ပေးတယ်။ အဲဒီနို့ထမင်းနဲ့ ငါ့မှာချမ်းသာခဲ့ဖူးတယ်' လို့ပြောတယ်။ အရှင်မဟာမောဂ္ဂလ္လာန်ကလည်း 'ငါ့ရှင် ရှိပါစေ၊ ငါ့မှာ ရောသင့်မှာပါ ဘုန်းကံရှိရင် နက်ဖြန်ခါ နို့ဆွမ်းကို ရကောင်းရပါလိမ့်မယ်' လို့ပြောတယ်။

အဲဒီမထေရ် ၂ ပါးရဲ့အပြန်အလှန်ပြောဆိုတဲ့ ဒီစကားကို စင်္ကြံဦး သစ်ပင်မှာနေတဲ့ ရက္ခစိုးနတ်က ကြားလို့ 'နက်ဖြန်ခါ အရှင်မြတ်အတွက် ဃနာနို့ဆွမ်းကို ဖြစ်စေမယ်' လို့ကြံကာ အဲဒီခဏမှာပဲ အရှင်သာရိပုတ္တရာရဲ့ အလုပ်အကျွေးအိမ်ကိုသွားပြီး သားကြီးရဲ့ကိုယ်မှာပူးဝင်ကာ နှိပ်စက်ခြင်းကို ပြုတယ်။ အဲဒီအခါ အဲဒီသားကြီးကို ကုစားဖို့စည်းဝေးလာတဲ့ဆွေမျိုးတွေကို 'နက်ဖြန်ခါ ဒီလိုဃနာနို့ဆွမ်းကို အရှင်သာရိပုတ္တရာအား လှူကြမယ် ဆိုရင် သားကြီးကိုလွှတ်မယ်' လို့ နတ်ကပြောတယ်။ အဲဒီဆွေမျိုးတွေက 'သင်နတ်က မပြောပေမယ့် ငါတို့က မထေရ်တို့အား အမြဲမပြတ် ဆွမ်းကိုလှူနေကြတယ်' လို့ပြောပြီး နောက်တစ်နေ့မှာ အဲဒီလို သဘောရှိတဲ့ ဃနာနို့ဆွမ်းကို စီမံကြတယ်။

အရှင်မဟာမောဂ္ဂလ္လာန်ထေရ်ဟာ နံနက်စောစောပဲ လာပြီး 'ငါ့ရှင် သာရိပုတ္တရာ၊ တပည့်တော်ဆွမ်းခံပြီး ပြန်လာတဲ့အထိ ဒီနေရာမှာပဲ သီတင်းသုံးပါ' လို့ပြောပြီး ရွာသို့ဝင်တယ်။ အလုပ်အကျွေးဖြစ်တဲ့ အဲဒီလူတွေက ခရီးဦးကြိုဆိုပြီး အရှင်မောဂ္ဂလ္လာန်ရဲ့သပိတ်ကိုယူကာ ဃနာနို့ဆွမ်းအပြည့် ထားကာ

http://www.dhammadownload.com



လှူလိုက်ကြတယ်။ အရှင်မောဂ္ဂလ္လာန်က သွားမယ့်အခြင်း အရာကို ပြတယ်။ အဲဒီလူဒကာတွေက 'အရှင်ဘုရား၊ အရှင်ဘုရား ဘုန်းပေးတော်မူပါ၊ နောက်ထပ် ဃနာနို့ဆွမ်းကိုလည်း လှူကြပါမယ်' လို့ လျှောက်ကာ အရှင်မောဂ္ဂလ္လာန်ကို ဘုဉ်းပေးစေပြီး နောက်ထပ်သပိတ်အပြည့် ဃနာနို့ဆွမ်းကို ကပ်လှူကြတယ်၊ အရှင်မောဂ္ဂလ္လာန်က အရှင်သာရိပုတ္တာရာထံသွားပြီး 'ငါ့ရှင် သာရိပုတ္တာရာ၊ ရော့ ဘုန်းပေးပါ' လို့ပြောပြီး ပေးတယ်။ အရှင်သာရိပုတ္တာရာကလည်း အဲဒီဃနာနို့ဆွမ်းကို မြင်တဲ့အခါ 'ဃနာနို့ဆွမ်းဟာ အလွန် ကောင်းတယ်။ ဘာကြောင့်ဖြစ်လေမလဲ' လို့စဉ်းစားတယ်။ အဲဒီနို့ဆွမ်းဖြစ်ပေါ်လာရခြင်းရဲ့အကြောင်းကိုမြင်လို့ "ငါ့ရှင်မောဂ္ဂလ္လာန်၊ ဃနာနို့ဆွမ်းဟာ သုံးဆောင်ခြင်းငှာ မထိုက်' လို့ ပြောတယ်။

အရှင်မောဂ္ဂလ္လာန်ကလည်း 'ငါလိုပုဂ္ဂိုလ် ဆောင်ယူခဲ့တဲ့ဆွမ်းကို မသုံးဆောင်ဘူး' လို့ စိတ်မကွက်ဘဲ တစ်ခွန်းတည်းသော စကားနဲ့ပဲ သပိတ်ကို နှုတ်ခမ်းရေးမှာကိုင်ကာ သင့်တော်ရာ တစ်နေရာမှာ မှောက်သွန်လိုက်တယ်။ ဃနာနို့ဆွမ်း မြေပေါ်ရောက်တာနဲ့တစ်ပြိုင်နက် အရှင်သာရိပုတ္တာရာရဲ့လေနာရောဂါဟာ ပျောက်သွားတယ်။ အဲဒီအချိန်ကစပြီး အနှစ် ၄၀ ပတ်လုံး ပြန်ပေါ်မလာတော့။ အဲဒီကနောက် အရှင်မောဂ္ဂလ္လာန်ကို 'ငါ့ရှင်မောဂ္ဂလ္လာန် နှုတ်မြွက်မိလို့ဖြစ်ပေါ်လာတဲ့ ဃနာနို့ဆွမ်းကို အူမခွေတွေ ထွက်ပြီး မြေမှာအစာရှာဖို့သွားပေမယ့် မသုံးဆောင်ထိုက်' လို့ ပြောတယ်။

http://www.dhammadownload.com



ပြီးတော့ ဝမ်းသာစကားကို ဒီလိုကျူးရင့်မြွက်ဆိုတယ်။

'နှုတ်မြွက်မိလို့ ဖြစ်ပေါ်လာတဲ့ ချိုမြိန်တဲ့ ဃနာ နို့ဆွမ်းကို ငါစားမိရင် ငါ့ရဲ့အသက်မွေးမှုဟာ သူတော်ကောင်းတို့ ကဲ့ရဲ့စရာဖြစ်တယ်'

"ငါ့ရဲ့အူမခွေဟာ တည်ရာမှထွက်ပြီး အပြင်ပမှာ အစာရှာ ကျက်စားနေဦးတော့၊ အသက်ကိုတောင် စွန့်ရစေဦးတော့၊ အာဇီဝသီလကို ငါ မဖျက်နိုင်သည်သာ"

'ငါဟာ ငါ့စိတ်ကို နှစ်သက်အားရစေအံ့။ မသင့်လျော်တဲ့ ရှာမှီးမှုကို ကြဉ်ရှောင်အံ့။ မြတ်စွာဘုရားကဲ့ရဲ့စက်ဆုပ်အပ်တဲ့ မသင့်တဲ့ရှာမှီးမှုကို မပြုအံ့' (ဝိသုဒ္ဓိမဂ် ။ ပ ။ ၃၉)

အရှင်သာရိပုတ္တရာရဲ့သီလကို ချစ်ခင်မြတ်နိုးမှုဟာ သူ့ရောဂါကို ဆေးမပါဘဲပျောက်စေနိုင်စွမ်း ရှိပါပေတယ်။ ဃနာနို့ဆွမ်းထက် ပိုပြီးအစွမ်းထက်ပါတယ်။ ရောဂါကို မငဲ့ဘဲ သီလကို သာငဲ့တဲ့ အရှင်သာရိပုတ္တရာဟာ ဘုရားရှင်ရဲ့ အဂ္ဂသာဝက ပီသပါပေတယ်။

http://www.dhammadownload.com

# ယုန်သား

မဝင်းမာကြည် . . .

သစ္စာစကားက ဆေးထက်ပို အစွမ်းထက်ကြောင်း ဖော်ပြတဲ့ဓာတ်လမ်းတစ်ပုဒ်ကိုလည်း ရှုစားကြည့်ပါဦး။

သီရိလင်္ကာကျွန်းမှာ စက္ကနဆိုတဲ့ ဉပါသကာ ရှိခဲ့ပါတယ်၊ သူငယ်ရွယ်စဉ်ကပဲ မိခင်မှာ ရောဂါဖြစ်ခဲ့ပါတယ်၊ ဆေးဆရာကလည်း "ယုန်သား အစိုကို ရသင့်တယ်" လို့ ပြောတယ်၊ ဒါကြောင့် စက္ကနရဲ့အစ်ကိုက "ငါ့ညီ . .သွားပါ၊ လယ်ကို လှည့်လည်ပါ" လို့ပြောပြီး စက္ကနကို စေလွှတ်လိုက်ပါတယ်၊ စက္ကနက အဲဒီကို သွားပါတယ်၊ အဲဒီအခါမှာလည်း ယုန်တစ်ကောင်က ကောက်ပင်အနုကို စားဖို့လာနေပါတယ်၊ ယုန်က စက္ကနကို မြင်လျှင်မြင်ခြင်းပဲ အဟုန်နဲ့ပြေးသွားတဲ့အခါ နွယ်နဲ့ရစ်ပတ်ခံရလို့ "ကိရိ၊ ကိရိ" နဲ့ အသံပြုပါတယ်၊ စက္ကနက အဲဒီအသံကြောင့် သွားပြီး ယုန်ကိုဖမ်းယူကာ ဒီလိုကြံစည်တယ်။

"ငါဟာ မိခင်အတွက် ဆေးပြုလုပ်မယ်။"

နောက်ထပ် ဒီလိုကြံစည်ပြန်ပါတယ်။

http://www.dhammadownload.com



"ငါ့အမေအသက်ရှင်ဖို့ သူတစ်ပါးအသက်ကို သတ်တာဟာ မသင့်တော်ပါ။"

အဲဒီအခါ ယုန်ကို "သွားပါ၊ တောထဲမှာ ယုန်တွေနဲ့ အတူ မြက်, ရေကို သုံးဆောင်ပါ။" လို့ပြောပြီး လွှတ်လိုက်ပါတယ်၊ အစ်ကိုကလည်း မေးတယ်။

"ညီငယ် . . . ယုန်ကို ရခဲ့သလား။"

စက္ကနက ဖြစ်ပုံကို ပြောပြတယ်၊ စက္ကနကို အစ်ကိုက ဆဲဆိုပါတယ်၊ စက္ကနက မိခင်ထံသွားပြီး အောက်ပါအတိုင်း သစ္စာ ဆိုကာ ရပ်တည်နေပါတယ်။

"ငါဟာ မွေးဖွားလာခဲ့တဲ့အချိန်ကစပြီး သေစေလိုတဲ့ စိတ်ထားနဲ့ သတ္တဝါတွေရဲ့အသက်ကို မသတ်ခဲ့ဖူးပါ။"

အဲဒီခဏမှာပဲ စက္ကနရဲ့မိခင်ဟာ ရောဂါပျောက်ကင်းသွားပါ တယ်။ (အဋ္ဌသာလိနီ၊ ၁၄၆)

မဝင်းမာကြည် . . .

တကယ့်အရေးကြုံလာရင် သစ္စာစကားဟာ အလွန်ပဲ အားကိုးရပါတယ်၊ ဘယ်လိုအခက်အခဲနဲ့ရင်ဆိုင်ပါရစေ၊ သစ္စာစကားကို အားကိုးကြည့်ပါ၊ ပိုပြီး ယုံကြည်လာပါလိမ့်မယ်။

http://www.dhammadownload.com

# ဝိသာခါရဲ့ဆေးအလှူ

မဝင်းမာကြည် . . .

ဝိသာခါကျောင်းအမကြီးက ဘုရားရှင်ထံ ဆု ၈ မျိုး တောင်းပါတယ်၊ သံဃာတော်ထဲက မကျန်းမာတဲ့ရဟန်းတွေ အတွက် ဆေးပစ္စည်း အမြဲတစ်သက်လုံး လှူခွင့်ပြုဖို့ တောင်းဆို ပါတယ်၊ မကျန်းမာတဲ့ရဟန်းမှာ သင့်တော်တဲ့ဆေးတွေကို မရရှိ ရင် ရောဂါတိုးလာနိုင်ပါတယ်၊ သေရင်လည်း သေသွားနိုင်ပါ တယ်၊ သင့်တော်တဲ့ဆေးကို စားသုံးရရင်တော့ ရောဂါမတိုးတော့ ပါ၊ သေလည်း မသေတော့ပါ၊ အဲဒီအကျိုးကို မြင်လို့ ဝိသာခါက ဘုရားရှင်ထံ အဲဒီဆုကို တောင်းတာဖြစ်ပါတယ်၊ ဝိသာခါကဲ့သို့ လိုတဲ့ပုဂ္ဂိုလ်တွေအား ဆေးလှူနိုင်ရင် ကောင်းပါပေစွ။

(ဝိနည်း မဟာဝါ၊ ၄၀၇)

မဝင်းမာကြည် . . .

ဝိသာခါဟာ မွန်းမလွဲမီ နံနက်ပိုင်းမှာ ရဟန်း သံဃာ အား ခဲဖွယ်စားဖွယ်ကို လှူဒါန်းတယ်၊ မွန်းလွဲပြီးနောက်ပိုင်း အချိန်

http://www.dhammadownload.com



မှာ ဆေးတွေကိုရော, ဖျော်ရည်ကိုပါ ယူခိုင်းကာ ကျောင်းကို သွားပြီး ရဟန်း သံဃာအား လှူပါတယ်။ (အံ၊ ၄၊ ပ၊ ၃၂၁)

အနာထပိဏ်ရော ဝိသာခါပါ တစ်နေ့မှာ ၂ ကြိမ် အမြဲပဲ ဘုရားရှင်ထံ ဆည်းကပ်တယ်။ သွားတဲ့အခါမှာလည်း "ရဟန်းငယ်တွေနဲ့ ကိုရင်တွေက ငါတို့ရဲ့လက်တွေကို ကြည့်ကြ လိမ့်မယ်" လို့တွေးပြီး လက်ချည်းသက်သက် (လှူဖွယ်မပါဘဲ) မသွားဖူးကြပါ၊ သူတို့နှစ်ဦးရဲ့နေအိမ်တွေမှာ ရဟန်း ၂ ထောင်, ၂ ထောင်အတွက် အမြဲနေရာတွေကို ခင်းထားပါတယ်၊ ဆွမ်း, ဖျော်ရည်, ဆေးပစ္စည်းတွေထဲက အလိုရှိရာမှန်သမျှဟာ အလိုရှိ တိုင်းသာ ပြည့်စုံပါတယ်၊ ပြီးစီးပါတယ်။ (ဓမ္မပဒ၊ ၄၊ ပ၊ ၃)

မဝင်းမာကြည် . . .

ဝိသာခါတို့ဟာ အတော့်ကို လှူကြတာပဲနော်၊ အံ့ဩ စရာ, အားရစရာပါပဲ။ ဝိသာခါက သူမရဲ့ပုဗ္ဗာရုံကျောင်းတော်ကြီး ပြီးစီးသွားတဲ့အခါ ၄ လပတ်လုံး သူ့ကျောင်းတိုက်တွင်းမှာပဲ ဘုရားအမှူးရှိတဲ့ သံဃာအား အလှူလှူပါတယ်၊ နောက်ဆုံးနေ့မှာ ရဟန်းသံဃာအား သင်္ကန်းအဝတ်တွေကို လှူပါတယ်၊ သံဃာ အငယ်ဆုံးရတဲ့သင်္ကန်းရဲ့တန်ဖိုးက တစ်ထောင်ဖြစ်ပါတယ်၊ ရဟန်းအားလုံးရဲ့သပိတ်တွေကို ဆေးအပြည့် ထည့်ကာ လှူပါ တယ်၊ ဝိသာခါက ကျောင်းအတွက်မြေဝယ်တဲ့အခါ ၉ ကုဋေ, ကျောင်းဆောက်လုပ်တဲ့အခါ ၉ ကုဋေ, ကျောင်းပူဇော်ပွဲမှာလှူတာ ၉ ကုဋေ ပေါင်းတော့ ၂၇ ကုဋေကို ဗုဒ္ဓသာသနာမှာ စွန့်လွှတ်

http://www.dhammadownload.com



လှူဒါန်းပါ တယ်၊ ဝိသာခါဟာ "ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲဆိုတဲ့ ဆေး ၅ မျိုးကို ငါဟာ ဘယ်တော့လှူရပါ့မလဲ လို့ကြံလာခဲ့ရာ အခု ငါ့အကြံပြည့်စုံပြီ" လို့ ဝမ်းသာအားရ ပျော်ရွှင်ကာ သူမရဲ့ပုဗ္ဗာရုံကျောင်းတော်ကြီးကို သား၊ သမီး၊ မြေး၊ မြစ်တွေ ခြံရံကာ လှည့်လည်ပြီး ဥဒါန်းကျူးရင့်ပါတယ်၊ ဝိသာခါဟာ သူ့ ဆန္ဒ၊ သူ့ဆုတောင်းပြည့်သွားလို့ ရှူးနေသလားလို့ထင်မှားရလောက်အောင် အပျော်ကြီး ပျော်နေရှာပါတယ်။

(ဓမ္မပဒ၊ ၄၊ ပ၊ ၂၆၂)

http://www.dhammadownload.com

# သွေးခြေဥသွားတယ်

မဝင်းမာကြည် . . .

တစ်ချိန်မှာ ဒေဝဒတ်ဟာ အဇာတသတ်နဲ့အတူ ပေါင်းပြီး ဂိဇ္ဈကုဋ်တောင်ပေါ်တက်ကာ ဒေါသစိတ်နဲ့ "ဘုရားရှင်ကို ငါသတ်မယ်" လို့ကြံပြီး ကျောက်တုံးကို လှိမ့်ချပါတယ်၊ အဲဒီကျောက်တုံးကို တောင်ထွတ် ၂ ခုက ခံယူကြပါတယ်။ အဲဒီကျောက်တုံးက ကွဲပြီးသွားတဲ့ ကျောက်အလွှာလေးက ဘုရားရှင်ရဲ့ ခြေထောက်ကို ပုတ်ခတ်ပြီး သွေးကိုဖြစ်စေပါတယ်။ ပြင်းထန်တဲ့ ဝေဒနာတွေဖြစ်ပေါ်လာကြပါတယ်။ ရဟန်းတွေက ဘုရားရှင်ကို မဒ္ဒကုစ္ဆိတောင်သို့သယ်ဆောင်သွားကြပါတယ်၊ ဘုရားရှင်က အဲဒီအရပ်မှလည်း ဇီဝကသရက်ဥယျာဉ်ကို သွားလိုလို့ "ငါဘုရားကို အဲဒီဇီဝကသရက်ဥယျာဉ်သို့သယ်ဆောင်ကြပါ" လို့ မိန့်တော်မူပါတယ်၊ ရဟန်းတွေက ဘုရားရှင်ကို သယ်ယူပြီး ဇီဝကသရက်ဥယျာဉ်ကို သွားကြပါတယ်၊ ဇီဝကက အဲဒီဖြစ်ပုံကို ကြားရပြီး ဘုရားရှင်ထံသွားတယ်၊ အနာကို ကုသဖို့ ထက်မြက်တဲ့ ဆေးကိုပေးတယ်၊ အနာကို ဖွဲ့စည်းပြီး ဘုရားရှင်ကို ဒီလိုလျှောက်ပါတယ်။

http://www.dhammadownload.com



"မြတ်စွာဘုရား . . . တပည့်တော်ဟာ မြို့တွင်းက လူတစ်ယောက် အတွက် ဆေးပြုလုပ်ထားပါတယ်၊ သူ့ထံ သွားပြီး နောက်ထပ်တပည့်တော် ပြန်လာပါမယ်၊ ဒီဆေးဟာ တပည့်တော် ပြန်လာသည်အထိ စည်းထားတဲ့ အတိုင်းပဲ တည်ရှိပါစေ"

ဇီဝကဟာ သွားပြီး အဲဒီယောက်ျားအပေါ် ပြုလုပ်ပေးရမယ့်ကိစ္စကို ပြုလုပ်ပြီး တံခါးပိတ်ရာအချိန်မှာ ပြန်လာတဲ့အခါ တံခါးကို မမီတော့။ အဲဒီ အခါ ဇီဝကမှာ ဒီလိုအကြံဖြစ်တယ်။

"ငါဟာ ဝန်လေးတဲ့အမှုကို ပြုမိလေစွ၊ သာမန်ယောက်ျားမှာလို ဘုရားရှင်ရဲ့ခြေထောက်မှာ ထက်မြက်တဲ့ဆေးကိုပေးပြီး အနာကို စည်းပေး ပါတယ်။ ဒီအချိန်ဟာ အဲဒီအနာကာအဖွဲ့ကို ဖြည်ပေးရမယ့်အချိန်ဖြစ်တယ်။ အဲဒါကို မဖြေရင် တစ်ညလုံး ဘုရားရှင်ရဲ့ကိုယ်မှာ ပူလောင်မှုဖြစ်လိမ့်မယ်"

အဲဒီခဏမှာ ဘုရားရှင်က အာနန္ဒာထေရ်ကို ဒီလိုမိန့်ပါတယ်။

"အာနန္ဒာ . . . ဇီဝကဟာ ညနေပိုင်းလာတဲ့အခါ တံခါးကို မမီ။ "ဒီအချိန်ဟာ အနာကို ဖြေပေးရမယ့်အချိန်ပဲ" လို့ကြံနေတယ်။ အဲဒါကို ဖြည်လိုက်ပါ။"

မထေရ်က ဖြည်လိုက်ပါတယ်၊ အနာဟာ သစ်ပင်မှ နွယ်လို ကင်းကွာသွားပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၈၂)

မဝင်းမာကြည် . . .

ဇီဝကရဲ့ဆေးကုသပေးမှုကြောင့် ကိုယ်ဆင်းရဲမှ ကင်း

http://www.dhammadownload.com



လွှတ်ခဲ့ရပါတယ်၊ ဘုရားရှင်မှာ စိတ်ဆင်းရဲမှုကတော့ လုံးဝမရှိပါ။ ဒေဝဒတ်ရဲ့လက်ချက်ကြောင့် သွေးခြေဉသွားပါတယ်။ သွေး အပြင် မထွက်ပါ၊ ဒေဝဒတ်မှာ ဒေါသကြောင့် အပြစ်ရှိပါတယ်၊ ဇီဝကမှာ မေတ္တာကြောင့် ကုသိုလ်တွေ တိုးပွားရပါတယ်။

http://www.dhammadownload.com

# အနောတတ္တအိုင်က သောက်ရေ

မဝင်းမာကြည် . . .

အရှင်အနုရုဒ္ဓါမထေရ်ဟာ ပင်ကိုက ဝီရိယ ရှိတယ်၊ အရှင်အနုရုဒ္ဓါ ညပိုင်းမှာ စင်္ကြံကြွတဲ့အခါ လေရောဂါ ဖြစ်ပေါ် လာတယ်၊ ညှိုးနွမ်းတဲ့သဘောရှိတဲ့ အရှင်အနုရုဒ္ဓါကို မြင်ပြီး ကိုရင် သုမနက မေးပါတယ်။

"အရှင်ဘုရား . . . အရှင်ဘုရားမှာ နာကျင်မှု ဖြစ်နေ ပါသလား"

"ငါ့မှာ လေနာ ဖြစ်ပေါ်နေတယ်"

"အခြားအခါမှာလည်း ရေးက ဖြစ်ပေါ်ခဲ့ဖူးပါသလား ဘုရား။"

"ဖြစ်ပေါ်ခဲ့ဖူးတယ် ကိုရင်သုမန။"

"ဘာနဲ့ ချမ်းသာရာ ရခဲ့ပါသလဲဘုရား။"

"အနောတတ္တအိုင်က ရေကို ရပြီး ချမ်းသာရာရခဲ့ပါ တယ် ကိုရင်"

"ဒီလိုဆိုရင် တပည့်တော် ဆောင်ယူပါမယ်။"

http://www.dhammadownload.com



"စွမ်းနိုင်သလား ကိုရင်။"

"စွမ်းနိုင်ပါတယ်ဘုရား။"

"ဒီလိုဆိုရင် အနောတတ္တအိုင်က ပန္နဂအမည်ရှိ နဂါးမင်းဟာ ငါ့ကို သိတယ်၊ သူ့အား ပြောပြပြီး ဆေးအတွက် သောက်ရေ တစ်ခရားကို သယ်ဆောင်ခဲ့ပါ။"

ကိုရင်က ကောင်းပါပြီလို့ဝန်ခံပြီး ဥပဇ္ဈာယ်ဆရာ အရှင်အနုရုဒ္ဓါကို ရှိခိုးကာ ကောင်းကင်ကို ပျံတက်ပြီး ယူဇနာ ငါးရာရှိတဲ့ (ဝေးတဲ့) အရပ်ကို သွားတယ်၊ အဲဒီနေ့မှာ နဂါးမင်းက နဂါးကချေသည်တွေခြံရံကာ ရေကစားလို့နေတယ်၊ နဂါးမင်းက ကိုရင်လာနေတာကိုမြင်ပြီး စိတ်ဆိုးတယ်၊ "ဒီ ကတုံးစုတ်က သူ့ခြေမှုန့်ကို ငါ့ဦးထိပ်ပေါ် ဖြန့်ကျဲပြီးလှည့်လည်နေတယ်၊ အနောတတ္တအိုင်က ရေအကျိုးငှာ လာတာဖြစ်လိမ့်မယ်၊ အခု သူ့အား ငါက ရေမပေးအံ့" လို့ကြံပြီး ယူဇနာ ၅၀ ရှိ အနောတတ္တအိုင်ကို ခွက်ကြီးနဲ့ ထမင်းအိုးကို ပိတ်ဖုံးသလို ပါးပျဉ်းနဲ့ပိတ်ကာ လဲလျောင်းနေတယ်၊ ကိုရင်က နဂါးမင်းရဲ့အမူအရာကို ကြည့်လိုက်တာနဲ့ပဲ "ဒီနဂါးမင်း စိတ်ဆိုးနေ တယ်" လို့သိပြီး ဒီလိုပြော လိုက်ပါတယ်။

"တန်ခိုးကြီးပြီး အင်အားကြီးမားတဲ့ နဂါးမင်း . . . ငါ့စကားကို နားထောင်ပါ၊ ငါဟာ ဆေးအတွက် လာခဲ့ပါတယ်၊ ငါ့အား သောက်ရေအိုးကို ပေးပါ။"

အဲဒီစကားကိုကြားရပြီး နဂါးမင်းက ဒီလိုပြောပါတယ်။

"အရှေ့အရပ်မှာ ဂင်္ဂါမြစ်ကြီးရှိပါတယ်။ သမုဒ္ဒရာကြီး

http://www.dhammadownload.com



ထိ ရောက်ပါတယ်။ အဲဒီဂင်္ဂါက သောက်ရေကို သင်ဟာ သယ်ယူပါ။"

အဲဒီစကားကို ကြားရပြီး ကိုရင်က "ဒီနဂါးမင်းဟာ သူ့အလိုနဲ့ ပေးမှာမဟုတ်၊ ငါဟာ အနိုင်အထက်ပြုလုပ်ပြီး အစွမ်းသတ္တိကို သိစေကာ ဒီနဂါးမင်းကို လွှမ်းမိုးပြီး သောက်ရေကို ယူမယ်" လို့ကြံကာ ဒီလိုပြောပါတယ်။

"နဂါးမင်း . . . ဥပဇ္ဈာယ်ဆရာမထေရ်က ငါ့ကို အနောတတ္တ အိုင်ကပဲ ရေကိုသယ်ဆောင်နိုင်းပါတယ်။ ဒါကြောင့် ငါဟာ ဒီရေကိုပဲ သယ်ဆောင်ပါမယ်၊ ဖယ်ပါ၊ ငါ့ကို မတားမြစ်ပါနဲ့၊ ငါက ဒီရေကိုပဲ အလိုရှိ ပါတယ်၊ နဂါးမင်း . . . သင့်မှာ စွမ်းအားရှိရင် ငါ့ကို တားမြစ်ပါ။"

အဲဒီအခါ နဂါးမင်းက ဒီလိုပြောပါတယ်။

"ကိုရင် . . . သင့်မှာ စွမ်းအားရှိရင် ကြိုးစားပါ၊ ငါဟာ သင့်ရဲ့ စကားကို နှစ်သက်ပါတယ်၊ ငါ့ရဲ့သောက်ရေကို သယ်ဆောင်ပါ။"

အဲဒီအခါ နဂါးမင်းကို ကိုရင်က ပြောပါတယ်။

"နဂါးမင်း . . . ကောင်းပါပြီ၊ သယ်ဆောင်ပါမယ်။"

"ကိုရင် . . . စွမ်းနိုင်ရင် သယ်ဆောင်ပါ။"

"ဒီလိုဆိုရင် ကောင်းကောင်း သိပါလော။"

ကိုရင်က သုံးကြိမ်တိုင်တိုင် ဝန်ခံချက်ကိုယူပြီး "ဗုဒ္ဓသာသနာရဲ့ အစွမ်းကို ပြပြီး ငါဟာ ရေကို သယ်ဆောင်သင့်တယ်" လို့ကြံကာ ကောင်းကင်မှာတည်ရှိတဲ့ နတ်တွေထံ ရှေးဦး

http://www.dhammadownload.com



စွာ သွားပါတယ်၊ အဲဒီနတ်တွေက လာပြီးရှိခိုးကာ "အရှင်ဘုရား . . . ဘာပါလဲ" လို့ လျှောက်ပြီးရပ်တည်နေကြပါတယ်။ "အဲဒီ အနောတတ္တရေအိုင်အပြင်မှာ ပန္နဂနဂါးမင်းနဲ့အတူ ငါရဲ့စစ်ထိုးပွဲဖြစ်ပါမယ်။ အဲဒီအရပ်ကိုသွားပြီး အနိုင်အရှုံးကို ကြည့်ကြပါ" လို့ ကိုရင်က အဲဒီနည်းနဲ့ပဲ လောကစောင့်နတ်မင်းကြီး ၄ ယောက်နဲ့ သိကြားမင်း၊ သုယာမနတ်မင်း၊ သန္တုသိတနတ်မင်း၊ ပရနိမ္မိတ ဝသဝတ္တိနတ်မင်းတွေကို ချဉ်းကပ်ပြီး အဲဒီအကြောင်းကို ပြောပြပါတယ်။ အဲဒီကနောက် အစဉ်အတိုင်း ဗြဟ္မာ့ပြည်တိုင်အောင် သွားတယ်။ အဲဒီ ဗြဟ္မာတွေလာပြီးရှိခိုးကာ ရပ်တည်နေကြပါတယ်။ "ဘာပါလဲဘုရား" လို့မေးကြလို့ အဲဒီအကြောင်းကို ပြောပြ ပါတယ်၊ အဲဒီနည်းနဲ့ ကိုရင်က အသညသတ်ဗြဟ္မာတွေနဲ့ အရူပဗြဟ္မာတွေကို ချန်ပြီး ကျန်နေရာအားလုံးမှာ တစ်ခဏချည်းနဲ့ပဲ လှည့်လည်ကာ ပြောတယ်၊ ကိုရင်ရဲ့စကားကို ကြားရပြီး နတ်ဗြဟ္မာအားလုံးဟာ အနောတတ္တအိုင်ရေအပြင်ပေါ်မှာ ကျည်တောက်ထဲထည့်ထားတဲ့ဖုန်မှုန့်တွေပမာ ကောင်းကင်ကို အကြားမရှိပြည့်စေပြီး စုဝေးနေကြပါတယ်၊ နတ်ဗြဟ္မာအားလုံးစု ဝေးပြီးတဲ့အခါ ကိုရင်က ကောင်းကင်မှာရပ်တည်ပြီး နဂါးမင်းကို ရှေ့က ပြောခဲ့တဲ့အတိုင်း ပြောပါတယ်၊ နဂါးမင်းက ရှေ့က အတိုင်း ပြန်ပြောပါတယ်။

ကိုရင် သုံးကြိမ်တိုင်တိုင် နဂါးမင်းရဲ့ဝန်ခံချက်ကိုယူပြီး ကောင်းကင်မှာ ရပ်တည်ရင်းပဲ ၁၂ ယူဇနာရှိ ဗြဟ္မာကိုယ်ကို ဖန်ဆင်းတယ်၊ ကောင်းကင်မှသက်ဆင်းကာ နဂါးမင်းရဲ့ ပါးပျဉ်း

http://www.dhammadownload.com



ကို နင်းပြီး မျက်နှာကို အောက်မှာ ရှိအောင် ဖိနှိပ်တယ်၊ အဲဒီခဏမှာပဲ အားရှိတဲ့ယောကျ်ားက နင်းလိုက်တဲ့ သားရေအစိုပမာ နဂါးမင်းရဲ့ပါးပျဉ်ကို နင်းလိုက်ခါမျှမှာ ယောက်မလောက်ရှိ ပါးပျဉ်းအဖုတွေဖြစ်ပေါ်လာကြတယ်၊ နဂါးမင်းရဲ့ပါးပျဉ်းမှ လွတ်ရာနေရာက ထန်းပင်လုံးလောက် ရေလုံးတွေ ထွက်ပေါ်လာကြတယ်၊ ကိုရင်က ကောင်းကင်မှာပဲ သောက်ရေခရားကို ပြည့်စေပါတယ်၊ နတ်ဗြဟ္မာအပေါင်းက ကောင်းချီးပေးကြပါတယ်၊ အဲဒီအခါ နဂါးမင်းက ရှက်ပြီး ကိုရင်ကို စိတ်ဆိုးတယ်၊ နဂါးမင်းရဲ့မျက်စိတွေက လယ်ခေါင်ရန်းပန်းအဆင်း ရှိကြတယ်။ "ဒီကိုရင်ဟာ နတ်ဗြဟ္မာအပေါင်းကို စုဝေးစေပြီး သောက်ရေကို ယူကာငါ့ကို အရှက်ရစေတယ်၊ အဲဒီကိုရင်ကို ဖမ်းယူပြီး သူ့ပါးစပ်ထဲလက်ကိုထည့်ကာ သူ့နှလုံးသားကိုဖြစ်စေ ချေပစ်မယ်၊ ဒါမှမဟုတ် သူ့ခြေ ထောက်တွေကို ယူပြီး ဂင်္ဂါမြစ်ဟိုဘက်ကမ်းကိုဖြစ်စေ ပစ်ချမယ်" လို့ကြံကာ အဟုန်နဲ့ နောက်ကလိုက်တယ်။

နောက်ကလိုက်ပေမယ့်လည်း ကိုရင်ကို မမီနိုင်သည်သာ။ ကိုရင်က သွားပြီး ဥပဇ္ဈာယ်ဆရာရဲ့လက်မှာ သောက်ရေကိုထားကာ "သောက်တော်မူပါဘုရား"လို့ လျှောက်တယ်၊ နဂါးမင်းကလည်း နောက်က လိုက်လာပြီး လျှောက်တယ်။

"အရှင်ဘုရား အနုရုဒ္ဓါ . . . ကိုရင်က တပည့်တော် သောက်ရေကို မပေးဘဲနဲ့ယူသွားပါတယ်၊ မသောက်ပါနဲ့။"

"ကိုရင် . . . အဲဒီအတိုင်း ဟုတ်သတဲ့လား။"

"အရှင်ဘုရား . . . သောက်တော်မူပါ၊ ဒီနဂါးမင်း

http://www.dhammadownload.com



ပေးတဲ့ သောက်ရေကို တပည့်တော်သယ်ဆောင်ခဲ့ပါတယ်။"

အနုရုဒ္ဓါမထေရ်က "ရဟန္တာကိုရင်မှာ လိမ်ပြောတယ်ဆိုတာ မရှိ" လို့သိပြီး သောက်ရေကိုသောက်ပါတယ်၊ အဲဒီခဏမှာ မထေရ်ရဲ့ဝမ်းဗိုက်လေနာဟာ ပျောက်ကင်းသွားပါတယ်၊ တစ်ဖန် နဂါးမင်းက မထေရ်ကို လျှောက်ပါတယ်။

"အရှင်ဘုရား . . . ကိုရင်က နတ်ဗြဟ္မာအားလုံးကို စုဝေးစေပြီး တပည့်တော်ကို အရှက်ရစေပါတယ်၊ တပည့်တော်ဟာ သူ့နှလုံးသားကိုဖြစ် စေ၊ ဒါမှမဟုတ် သူ့ခြေထောက်တွေကိုဖြစ်စေ ယူပြီး ဂင်္ဂါမြစ်ဟိုဘက်ကမ်းကို ပစ်ချပါမယ်။"

"နဂါးမင်း . . . ကိုရင်က တန်ခိုးကြီးတယ်၊ သင်က ကိုရင်နဲ့ အတူ စစ်ထိုးဖို့စွမ်းနိုင်မှာမဟုတ်၊ သူ့ကို တောင်းပန်ပြီး သွားပါ။"

နဂါးမင်းက ကိုယ်တိုင်လည်း ကိုရင်ရဲ့တန်ခိုးအစွမ်းကို သိတာပါပဲ၊ ဒါပေမယ့် ရှက်လို့ နောက်က လိုက်လာပါတယ်။ အဲဒီအခါ ကိုရင်ကို မထေရ်ရဲ့စကားအရ တောင်းပန်ပြီး ကိုရင်နဲ့ မိတ်ဆွေဖွဲ့ကာ အောက်ပါ အတိုင်းလျှောက်ပြီး ဖဲသွားပါတယ်။

"ဒီအချိန်ကစပြီး အနောတတ္တရေကို အလိုရှိရင် သင်လာစရာမလို ပါ၊ တပည့်တော်ထံလွှတ်လိုက်ပါ၊ တပည့်တော်ပဲ သယ်ဆောင်လာပြီး ပေး ပါမယ်။" (ဓမ္မပဒ၊ ၄၊ ၃၊ ၃၈၇)

မဝင်းမာကြည် . . .

ကိုရင်သုမနက တန်ခိုးကြီးတယ်နော်၊ ဥပဇ္ဈာယ်ဆရာ

http://www.dhammadownload.com



အရှင်အနုရုဒ္ဓါဟာ ကိုရင်ရဲ့တန်ခိုးကြောင့် ရောဂါပျောက် ကင်းသွားပါတယ်၊ အနောတတ္တရေအိုင်က သောက်ရေနဲ့ပဲ ရောဂါပျောက်ကင်းသွားပါတယ်၊ ရေက ဆေးဖြစ်နေပါတယ်၊ အနောတတ္တအိုင်က ယူဇနာ ၅၀ ကျယ်ဝန်းပါသတဲ့၊ တစ်ယူဇနာမှာ ၈ မိုင်နှုန်းနဲ့တွက်ရင် မိုင်ပေါင်း ၄၀၀ ကျယ်ဝန်းပါမယ်၊ အင်မတန်ကျယ်ဝန်းတဲ့ရေအိုင်ကြီးပဲ၊ အနောတတ္တ ရေအိုင်က ရေက အခြားရေတွေထက် ဓာတ်သတ္တိပိုထူးခြားနေပုံရပါတယ်။ သာမဏေကျော်မှာ ဖြစ်စေ, သာမဏေကျော်ရဲ့ တပည့်ကိုရင်လေးမှာဖြစ်စေ ကိုရင်သုမနလို တန်ခိုးရှိခဲ့ရင် ကောင်းပါမယ်၊ သာမဏေကျော်မှာလေတွေ အထက်ဆန်ဆန်ပြီး တက်နေတတ်ပါတယ်။ အဲဒီ အနောတတ္တအိုင်က ရေကို ရခဲ့မယ်ဆိုရင် သာမဏေကျော်ရဲ့ လေနာရောဂါလည်း ပျောက်ကင်းသွားနိုင်မယ် ထင်ပါရဲ့၊ အရှင်အနုရုဒ္ဓါရဲ့လေနာရောဂါကတော့ အနောတတ္တရေအိုင်က ရေနဲ့ ပျောက်ကင်းသွားပါတယ်။ သာမဏေကျော်ရဲ့လေနာရောဂါကတော့ ဘယ်ဆေးနဲ့မှပျောက်ကင်းသွားမယ်လို့ မပြောတတ်သေးပါ၊ ဆေးပညာတွေ တိုးတက်နေတဲ့ ဒီခေတ်မှာ ဒီလေနာရောဂါပျောက်ကင်းစေနိုင်တဲ့ ဆေးကတော့ သေချာပေါက် ရှိနေမှာပါပဲ၊ သင့်တော်တဲ့ဆေးမတွေ့သေးလို့သာ မပျောက်ကင်းသေးတာ ဖြစ်ပါလိမ့်မယ်။

http://www.dhammadownload.com

# ခြေဆေးရေ

မဝင်းမာကြည် . . .

ခြေဆေးရေက ဆေးဖြစ်သွားတဲ့အတတ်လမ်းကို ပြောပြချင်ပါတယ်၊ တောင်ဝှန်းမှာနေတဲ့ တိဿမထေရ်ဟာ ဘုရားရှင်ထံက ကမ္မဋ္ဌာန်းကို ယူပြီး တောထဲဝင်တယ်။ သင့်လျော်တဲ့ကျောင်းနေရာကို ရှာဖွေကြည့်ရှုရင်း လိုဏ်ဂူရှိတဲ့ တောင်ဝှန်း တစ်ခုကို ရောက်သွားတယ်။ ရောက်ပြီးတဲ့ခဏမှာပဲ မထေရ်မှာ စိတ်တည်ကြည်မှုရတယ်၊ မထေရ်က "ငါဟာ ဒီနေရာမှာနေရင် ရဟန်းကိစ္စကို ပြီးစေနိုင်လိမ့်မယ်" လို့ကြံတယ်။ လိုဏ်ဂူမှာနေတဲ့ နတ်ကလည်း "သီလရှိတဲ့ရဟန်းဟာ လာပြီ၊ ဒီမထေရ်နဲ့ အတူ တစ်နေရာတည်းမှာနေဖို့ ဆင်းရဲတယ်။ ဒါပေမယ့် ဒီမထေရ်ဟာ ဒီနေရာမှာ တစ်ညပဲနေပြီး ဖဲသွားပါလိမ့်မယ်" လို့ကြံကာ သား၊ သမီးတွေကို ခေါ်ယူပြီး ထွက်သွားတယ်၊ မထေရ်က နောက်နေ့မှာ နံနက်စောစောပဲ ဆွမ်းခံရွာကို ဆွမ်းခံဝင်တယ်။ အဲဒီအခါ မထေရ်ကို ဥပါသိကာမတစ်ဦးက မြင်ပြီးချင်းပဲ သားလို ချစ်ခင်သွားတယ်။ အိမ်မှာထိုင်နိုင်းပြီး ဆွမ်းကျွေးတယ်။ မိမိကိုမှီပြီး

http://www.dhammadownload.com



သုံးလပတ်လုံးနေဖို့ရာ တောင်းဆိုတယ်။ မထေရ်ကလည်း "ငါဟာ ဒီဒကာမကြီးကို အမှီပြုပြီး ဘဝလွတ်မြောက်မှုကို ပြုနိုင်မယ်" လို့ကြံကာ လက်ခံပြီး အဲဒီလိုဏ်ဂူကိုပဲ သွားတယ်။ နတ်က အဲဒီ မထေရ်လာနေတာကို မြင်ပြီး "စင်စစ် တစ်စုံတစ်ယောက်က ပင့်ဖိတ်ပြီး ဖြစ်လိမ့်မယ်၊ နက်ဖြန်, သဘက်မှာ သွားလိမ့်မယ်" လို့ ကြံတယ်။

အဲဒီလိုနဲ့ ၁၅ ရက်လောက်လွန်တဲ့အခါ "ဒီရဟန်းဟာ ဒီမှာပဲ ဝါတွင်းမှာနေလိမ့်မယ် ထင်တယ်၊ သီလရှိတဲ့ရဟန်းနဲ့ အတူ တစ်နေရာတည်းမှာ သားငယ်, သမီးငယ်တွေနဲ့အတူနေဖို့ ခဲယဉ်းတယ်။ ဒီရဟန်းကိုလည်း ထွက်သွားပါလို့ မပြောနိုင်၊ ဒီရဟန်းရဲ့သီလမှာ ချို့ယွင်းတာရှိသလား" လို့ နတ်မျက်စိနဲ့ ကြည့်တဲ့အခါ ရဟန်းခံတန်ဆောင်းကစပြီး အဲဒီ ရဟန်းရဲ့ သီလမှာ ချို့ယွင်းတာကို မမြင်တွေ့ရ၊ "ဒီရဟန်းရဲ့သီလက ဖြူစင်တယ်၊ သူ့အပေါ်တစ်စုံတစ်ခုကို ပြုလုပ်ပြီးသာ နာမည်ဖျက်မယ်" လို့ကြံကာ မထေရ်ရဲ့ဆွမ်းခံအိမ်က ဒကာမကြီးရဲ့ သားအကြီး ကိုယ်မှာ ပူးဝင်ကာ လည်ပင်းကိုလှည့်လိုက်တယ်၊ သားကြီးရဲ့ မျက်စိတွေ ထွက်ကုန်တယ်၊ ပါးစပ်မှ တံတွေးယိုစီးကျတယ်၊ ဒကာမကြီးက သားကြီးကိုမြင်ရပြီး "ဒါက ဘာလဲ"လို့ အော်ဟစ်တယ်၊ အဲဒီအခါ ဒကာမကြီးကို နတ်က ကိုယ်ထင်မပြဘဲ ဒီလို ပြောပါတယ်။

"ငါဟာ ဒီသားကြီးကို ဖမ်းစားထားတယ်၊ နတ်စာ ပူဇော်မှုကိုလည်း ငါအလိုမရှိ။ သင်တို့ရဲ့ဆွမ်းခံမထေရ်ထံ နွယ်ချို

http://www.dhammadownload.com



တောင်းပါ။ အဲဒါနဲ့ ဆိချက်ပြီး ဒီသားကြီးအား နှာနပ်ဆေးကြ အဲဒီလိုဆိုရင် ဒီသားကြီးကို ငါလွှတ်မယ်။"

"ဒီသားကြီး ပျက်စီးချင် ပျက်စီးပါစေ၊ သေချင်သေပါစေ၊ ငါဟာ မထေရ်ထံ နွယ်ချိုကို မတောင်းနိုင်ပါ။"

"နွယ်ချိုကို မတောင်းနိုင်ရင် သားကြီးရဲ့နှာခေါင်းထဲမှာ ရှိန်းခိုမှုန့်ကို ထည့်ဖို့ပြောပေးပါ။"

"အဲဒါကိုလည်း ငါတို့မပြောနိုင်ကြပါ။"

"ဒီလိုဆိုရင် မထေရ်ရဲ့ခြေဆေးရေကိုယူပြီး သားကြီးရဲ့ ဦးခေါင်းမှာ လောင်းလိုက်ပါ။"

ဒကာမကြီးက "ဒါကို လုပ်နိုင်ပါတယ်" လို့ပြောပြီး အချိန်ကျတော့ ကြွလာတဲ့မထေရ်ကို အထိုင်ခိုင်းပြီး ယာဂုခဲဖွယ်ကို လှူတယ်၊ ဆွမ်း မဘုဉ်းခင်အကြားမှာ ထိုင်နေတဲ့မထေရ်ရဲ့ခြေတော်ကို ဆေးပြီး ရေကိုယူထားတယ်၊ "အရှင်ဘုရား . . . ဒီရေကိုကလေးရဲ့ဦးခေါင်းပေါ် တပည့်တော်တို့ လောင်းကြပါမယ်" လို့ ပန်ပြောတယ်၊ "ဒီလိုဆိုရင် လောင်းလိုက်ကြ" လို့ မိန့်တယ်၊ ဒကာမကြီးက အဲဒီအတိုင်း လုပ်လိုက်တယ်၊ အဲဒီနတ်က အဲဒီခဏမှာပဲ အဲဒီကလေးကို လွှတ်ပြီး သွားကာ လိုဏ်ဂူတံခါးမှာ ရပ်နေတယ်၊ မထေရ်ကလည်း ဆွမ်းကိစ္စအဆုံးမှာ နေရာမှထပြီး ကမ္မဋ္ဌာန်းမစွန့်လွှတ်ဘဲ ခန္ဓာကိုယ်အစိတ်အပိုင်း ၃၂ မျိုးကို နှုတ်ဆိုလျက်သာ ဖဲသွားတယ်၊ မထေရ် လိုဏ်ဂူတံခါးရောက်လာတဲ့အခါ အဲဒီနတ်က "ဆေးဆရာကြီး . . . ဒီထဲကို မဝင်ပါနဲ့" လို့ ပြောတယ်၊ မထေရ်က အဲဒီနေရာမှာပဲ ရပ်တည်ပြီး မေးတယ်၊ "

http://www.dhammadownload.com



"သင်က ဘယ်သူလဲ။"

"တပည့်တော်က ဒီနေရာမှာ နေတဲ့နတ်ပါ။"

မထေရ်က "ငါဟာ ဆေးကုမှုပြုဖူးတဲ့နေရာရှိသလား" လို့ ရဟန်းခံရာတန်ဆောင်းကစပြီးကြည့်တဲ့အခါ သူ့ရဲ့သီလမှာ နှမ်းစေ့လောက် အပြစ်အနာအဆာကိုတောင် မတွေ့ရလို့ ဒီလို ပြောလိုက်ပါတယ်။

"ငါဟာ ဆေးကုဖူးတဲ့နေရာကို မမြင်ပါ၊ ဘာကြောင့် သင်က ဒီလိုပြောပါသလဲ။"

"သင်က မမြင်ဖူးလား။"

"ဟုတ်တယ်၊ ငါ မမြင်ပါ။"

"သင့်အား ပြောပြပါမယ်။"

"အေး . . . ပြောပြပါ။"

"ဟိုအဝေးကာလက လုပ်ခဲ့တာကို ထားလိုက်ပါဦး၊ ဒီနေ့ပဲ သင်ဟာ နတ်ဖမ်းစားတဲ့ ဒကာ့သားရဲ့ဦးခေါင်းပေါ် ခြေဆေးရေကို လောင်းခဲ့သလား၊ မလောင်းခဲ့ဖူးလား။"

"အေး . . . လောင်းခဲ့တယ်။"

"အဲဒီအပြစ်ကို သင်မမြင်ဖူးလား။"

"အဲဒါကို ရည်ရွယ်ပြီး သင်ကပြောတာလား။"

"မှန်ပါ၊ အဲဒါကို ရည်ရွယ်ပြီး ပြောတာပါ။"

မထေရ်က ဒီလိုကြံတယ်။

"ငါဟာ ငါ့ကိုယ်ကို ကောင်းစွာထားလေစွတကား၊ သာသနာအား လျော်တဲ့အကျင့်ကို ငါဟာကျင့်မိလေစွတကား၊

http://www.dhammadownload.com



နတ်ကလည်း ငါ့ရဲ့ စတုပါရိသုဒ္ဓိသီလမှာ နှမ်းစေ့လောက် အပြစ်ကိုတောင် မမြင်တွေ့ဘဲ ကလေးရဲ့ ဦးခေါင်းပေါ် လောင်းလိုက်တဲ့ ခြေဆေးရေမှုကို မြင်တယ်။"

အဲဒီလိုကြံပြီး သူ့သီလကိုအကြောင်းပြုကာ အားကြီးတဲ့ ပီတိ ဖြစ်ပေါ်လာတယ်၊ မထေရ်ဟာ အဲဒီပီတိကိုခွါပြီး ခြေထောက်ကြွမှုကိုတောင် မပြုဘဲ အဲဒီနေရာမှာပဲ ရဟန္တာဖြစ်သွားတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၄၁၂)

မဝင်းမာကြည် . . .

နတ်ကလည်း သူ့အတွက် နေရေးထိုင်ရေး ခက်လို့ ကြံမိကြံရာကြံတယ်၊ သီလနဲ့ပြည့်စုံတဲ့ မထေရ်ရဲ့ခြေဆေးရေ ဖြစ်လို့ အစွမ်းထက်တာဖြစ်မှာပါ။ သီလတန်ခိုးက ကြီးမားလှပါတယ်။

http://www.dhammadownload.com

# ရေနွေး

မဝင်းမာကြည် . . .

တစ်ချိန်က ဘုရားရှင်မှာ လေနာရောဂါဖြစ်လို့ ဥပဝါဏမထေရ်ကို ရေနွေးအတွက် ဒေဝဟိတပုဏ္ဏားထံ လွှတ်လိုက်တယ်၊ ဥပဝါဏမထေရ်ကသွားပြီး ဘုရားရှင်မှာ လေနာရောဂါဖြစ်နေကြောင်းကို ပြောပြပြီး ရေနွေးကို တောင်းတယ်။ အဲဒီစကားကိုကြားရပြီး ပုဏ္ဏားက ဝမ်းသာအားရ သွားတယ်။ "ငါ့ထံ ဘုရားရှင်က ရေနွေးအတွက် တပည့်ကို လွှတ်လိုက်တာဟာ ငါ့အဖို့ အရတော်ပါပေစွ" လို့တွေးကာ ရေနွေးကို ထမ်းပိုးနဲ့ ယောကျ်ားတစ်ယောက်ကို အယူခိုင်းတယ်။ တင်လဲ အထုပ်ကိုလည်း ဥပဝါဏမထေရ်အား လှူလိုက်တယ်။ မထေရ်က တင်လဲထုပ်ကို အယူခိုင်းကာ ကျောင်းကိုသွားတယ်။ ဘုရားရှင်ကို ရေနွေးနဲ့ ရေချိုးစေတယ်။ ရေနွေးနဲ့ တင်လဲကို မွှေနှောက်ပြီး ဘုရားရှင်အား လှူတယ်။ ဘုရားရှင်ရဲ့လေနာရောဂါဟာ အဲဒီခဏမှာပဲ ပျောက်ကင်းသွားတယ်။ (ဓမ္မပဒ၊ ၄၊ ၃၊ ၄၅၃)

ဘုရားရှင်ရဲ့လေနာအတွက်ဆေးက ရေနွေးနဲ့တင်လဲ။ အရှင်သာရိပုတ္တရာရဲ့လေနာရောဂါအတွက်ဆေးက ထောပတ်

http://www.dhammadownload.com



ပျားသကာတွေနဲ့ရောနှောပြီး ရေမပါတဲ့ ဃနာနို့ထမင်း။ အရှင် အနုရုဒ္ဓါရဲ့လေနာအတွက်ဆေးက အနောတတ္တအိုင်က သောက်ရေ။ ယသော်ဓရာထေရ်ရဲ့လေနာအတွက်ဆေးက သရက်သီးဖျော်ရည်ဖြစ်ပါတယ်။

မိမိတို့ရဲ့ ခန္ဓာကိုယ်ဓာတ်ခံအနေအထားအလိုက် ဆေးက ကွဲပြားနေပါတယ်။ လေနာရောဂါချင်းတူနေပေမယ့် ပျောက်ကင်းစေနိုင်တဲ့ဆေးက ပုဂ္ဂိုလ်အားလျော်စွာ ပြောင်းလဲနေပါတယ်။

http://www.dhammadownload.com

# သရက်သီးဖျော်ရည်

မဝင်းမာကြည် . . .

ဘုရားရှင်ဟာ သာဝတ္ထိမြို့ကို အမှီပြုပြီး သီတင်းသုံးနေတဲ့အခါ ရာဟုလာရဲ့မယ်တော် ဗိမ္ဗာဒေဝီ(ယသော်ဓရာ)ဟာ "ငါ့ခင်ပွန်းက ရဟန်းဝတ်ပြီး ဘုရားဖြစ်နေပြီ၊ ငါ့သား ရာဟုလာကလည်း ကိုရင်ဝတ်ကာ သူ့ထံမှာပဲနေတယ်။ ငါဟာ လူဝတ်ကြောင်ဘဝမှာ ဘာလုပ်မှာလဲ၊ ငါလည်း ဘိက္ခုနီဝတ်ပြီး သာဝတ္ထိမြို့ကို သွားကာ ဘုရားရှင်ကိုရော သားရာဟုလာကိုပါ အမြဲ ကြည့်ရှုရင်းနေမယ်" လို့ကြံကာ ဘိက္ခုနီမတွေရဲ့ ကျောင်းကိုသွားကာ ဘိက္ခုနီဝတ်တယ်။ ဆရာ, ဥပဇ္ဈာယ်ဘိက္ခုနီတွေနဲ့အတူ သာဝတ္ထိမြို့ကိုသွားပြီး ဘုရားရှင်ကိုရော သားချစ်ကိုပါကြည့်ရင်း ဘိက္ခုနီမကျောင်းတစ်ကျောင်းမှာနေတယ်။ ရာဟုလာကိုရင်က လာပြီး မိခင်ကို ကြည့်တယ်။ တစ်နေ့မှာ ဗိမ္ဗာဒေဝီ(ယသော်ဓရာ) ထေရီမှာ ဝမ်းဗိုက် လေနာဖြစ်ပေါ်လာတယ်။ ဗိမ္ဗာဒေဝီထေရီက သားကို ကြည့်ဖို့လာတဲ့အခါ သားကိုကြည့်ဖို့ မထွက်သွားနိုင်ပါ၊

http://www.dhammadownload.com



အခြားဘိက္ခုနီတွေကသာလာပြီး မကျန်းမာကြောင်းပြောပြသွားကြပါတယ်။ ရာဟုလာဟာ မယ်တော်ထံသွားပြီး မေးတယ်။

"သင်ဟာ ဘာကိုရဖို့သင့်ပါသလဲ။"

"ချစ်သား . . . လူဝတ်ကြောင်ဘဝက ငါဟာ သကြားနဲ့ ရောစပ်ထားတဲ့ သရက်သီးအရည်ကို သောက်ရတဲ့အခါ လေနာပျောက်ကင်းသွား ပါတယ်၊ အခု ငါတို့ဟာ ဆွမ်းခံ လှည့်လည်ပြီး အသက်မွေးကြတယ်၊ ဘယ်က အဲဒီသရက်သီး ဖျော်ရည်ကို ရကြမလဲ။"

ကိုရင် ရာဟုလာဟာ "ရခဲ့ရင် သယ်ယူလာခဲ့ပါမယ်" လို့ ပြောပြီး ထွက်သွားပါတယ်။ ကိုရင် ရာဟုလာရဲ့ ဥပဇ္ဈာယ်ဆရာက အရှင်သာရိပုတ္တရာ၊ ရှင်ပြုပေးတဲ့ဆရာက အရှင်မဟာမောဂ္ဂလ္လာန်၊ ဘထွေးက အရှင်အာနန္ဒာ၊ ဖခင်က ဘုရားရှင်၊ အဲဒီလို ကြီးကျယ်တဲ့ပြည့်စုံမှု ရှိပါတယ်။ အဲဒီလိုဖြစ်သေမယ့် အခြားသူထံမသွားဘဲ အရှင်သာရိပုတ္တရာထံသွားကာ ရှိခိုးပြီး မျက်နှာမကောင်းတဲ့အမူအရာနဲ့ ရပ်တည်နေပါတယ်။ အဲဒီအခါ ရာဟုလာကို အရှင် သာရိပုတ္တရာက မေးပါတယ်။

"ရာဟုလာ . . မျက်နှာမကောင်းပါလား။"

"အရှင်ဘုရား . . . တပည့်တော်ရဲ့မယ်တော်မှာ လေနာ ရောဂါ ဖြစ်ပေါ်နေပါတယ်။"

"ဘာကို ရသင့်ပါသလဲ။"

"သကြားနဲ့ရောစပ်ထားတဲ့ သရက်သီးအရည်နဲ့ ချမ်းသာရ ရခဲ့ပါသတဲ့။"

http://www.dhammadownload.com


"ရှိပါစေ၊ ငါ ရလိမ့်မယ်၊ မပူပါနဲ့။"

အရှင်သာရိပုတ္တရာဟာ နောက်နေ့မှာ ရာဟုလာကို ခေါ်ယူပြီး သာဝတ္ထိမြို့ကို ဝင်တယ်၊ ရာဟုလာကို နားနေစရာ ဇရပ်မှာ ထိုင်ခိုင်းပြီး မင်းရဲ့ တံခါးကို သွားတယ်၊ ကောသလမင်း က အရှင်သာရိပုတ္တရာကို မြင်ပြီး ထိုင်ခိုင်းတယ်၊ အဲဒီခဏမှာပဲ ဥယျာဉ်စောင့်က အမှည့်အခိုင်ရှိ သရက်သီးချို အထုပ်တစ်ထုပ်ကို သယ်ဆောင်လာပါတယ်၊ ကောသလမင်းက သရက်သီးတွေရဲ့ အခွံကိုခွါပြီး သကြားထည့်ကာ ကိုယ်တိုင်ပဲ နှိပ်ချေတယ်၊ မထေရ်ရဲ့သပိတ်ကို ပြည့်စေပြီးလှူတယ်၊ မထေရ်က မင်းနန်းတော်မှ ထွက်ပြီး နားနေရာဇရပ်ကိုသွားကာ "သယ်ဆောင်သွားပြီး သင့်မယ်တော်အား ပေးပါ" လို့ ပြောကာ ရာဟုလာအား ပေးတယ်၊ ရာဟုလာက သယ်ဆောင်သွားပြီး ပေးတယ်၊ ဗိမ္ဗာဒေဝီထေရီ ဘုဉ်းပေးပြီးကာမျှမှာပဲ လေနာပျောက်ကင်းသွားပါတယ်။

ကောသလမင်းကလည်း "မထေရ်ဟာ ဒီနေရာမှာ ထိုင်ပြီး သရက်ဖျော်ရည်ကို မဘုဉ်းပေးသွားပါ။ တစ်စုံ တစ်ယောက်အား ပေးတာကို သိအောင်လုပ်ခဲ့ပါ" လို့ပြောကာ လူတစ်ယောက်ကို လွှတ်လိုက်တယ်၊ အဲဒီလူဟာ မထေရ်နဲ့ အတူပဲ သွားကာ အဲဒီဖြစ်ပုံကို သိပြီးလာကာ မင်းအားပြောပြ တယ်၊ ကောသလမင်းက ဒီလိုကြံတယ်။

"ဘုရားရှင်ဟာ လူ့ဝတ်ကြောင်ဘဝမှာနေရင် စကြ ဝတေးမင်း ဖြစ်မယ်၊ ရာဟုလာကိုရင်ဟာ သားကြီးရတနာ ဖြစ် မယ်၊ ဗိမ္ဗာထေရီဟာ မိဖုရား ရတနာဖြစ်မယ်၊ စကြဝဠာ အားလုံး

http://www.dhammadownload.com



မှာ မင်းအဖြစ်ဟာ သူတို့အတွက်သာဖြစ်လိမ့်မယ်၊ ငါတို့ဟာ အဲဒီပုဂ္ဂိုလ်တွေကို ပြုစုလုပ်ကျွေးလျက်သာ လှည့်လည်သင့်တယ်၊ အခု ရဟန်းဝတ်ပြီး ငါတို့ကို မှီကာနေကြတဲ့ အဲဒီပုဂ္ဂိုလ်တွေအပေါ် ငါတို့ဟာ မေ့လျော့ဖို့ မသင့်။"

ကောသလမင်းဟာ အဲဒီအချိန်ကစပြီး ဗိမ္ဗာထေရီအား အမြဲ သရက်သီးဖျော်ရည်ကို လှူဒါန်းခိုင်းတယ်။

(ဇာတ်၊ ၌၊ ၃၊ ၃၅၂)

မဝင်းမာကြည် . . .

မိခင် မကျန်းမာတော့ မျက်နှာမကောင်းဖြစ်ရာတဲ့ ကိုရင်ရာဟုလာဟာ သနားစရာပါပဲ။ ကိုရင်ရာဟုလာက အရှင်သာရိပုတ္တရာကို အားထားပုံကိုလည်း သတိပြုမိပါတယ်။ အရှင်သာရိပုတ္တရာကလည်း ရာဟုလာရဲ့အခက်အခဲကို လိုက်လှဲစွာ ဖြေရှင်းပေးပါတယ်၊ အရှင်သာရိပုတ္တရာဟာ တကယ့် အားကိုး ထိုက်တဲ့ ဆရာသမားကောင်းပါပဲ။ အရှင်သာရိပုတ္တရာဟာ ရှင် ရာဟုလာရဲ့ ဥပဇ္ဈာယ်ဆရာပီသပါပေတယ်။ တပည့်ရဲ့ အခက် အခဲကို ကိုယ့်အခက်အခဲပမာသဘောထားကာ ကူညီဆောင်ရွက် ပေးပါတယ်။ ကောသလမင်းကလည်း တော်ပါပေတယ်။ ဘုရားရှင်မိသားစု အပေါ် ကြောင့်ကြပါပေတယ်။ ဗိမ္ဗာဒေဝီထေရီ ရဲ့ လေနာရောဂါပျောက်ကင်းရေးအတွက် အကူအညီပေးကြတဲ့ ရှင်ရာဟုလာ, အရှင်သာရိပုတ္တရာ, ကောသလမင်းတို့ကို ကြည် ညိုလေးစားမိသလို ကျေးဇူးလည်းတင်မိပါတယ်။ ဗိမ္ဗာဒေဝီမှာ

http://www.dhammadownload.com



အရင်ကလည်း လေနာရောဂါဖြစ်ဖူးရာ သရက်သီးဖျော်ရည်ဟာ ရောဂါပျောက်ဆေးဖြစ်ခဲ့ပါတယ်။ ရာဟုလာနဲ့မယ်တော်တို့ရဲ့ သားအမိသံယောဇဉ်ကိုလည်း ဒီဇာတ်လမ်းမှာ မြင်တွေ့ရပါတယ်။ သံယောဇဉ်မကုန်သေးရင် မြင်ချင်၊ တွေ့ချင်ကြတာဟာ လောကဓမ္မတာပါပဲ။

http://www.dhammadownload.com

# အရှင်အင်္ဂုလိမာလရဲ့ သစ္စာစကား

အရှင်အင်္ဂုလိမာလဟာ နေ့တိုင်းဆွမ်းခံဝင်ပါတယ်၊ လူတွေကလည်း အရှင်အင်္ဂုလိမာလကို မြင်ပြီး ထိတ်လည်း ထိတ်လန့်ကြတယ်၊ ပြေးလည်းပြေးသွားကြတယ်။ တံခါးကိုလည်း ပိတ်ကြတယ်၊ တချို့က အင်္ဂုလိမာလလို့ကြားလိုက်တာနဲ့ပဲ ပြေးသွားပြီး တောထဲဖြစ်စေ ဝင်ကြတယ်၊ အိမ်ထဲကို ဖြစ်စေဝင်ပြီး တံခါးကိုပိတ်ကြတယ်၊ မပြေးသွားနိုင်သူတွေက ကျောပေးကာ ရပ်တည်နေကြတယ်၊ အရှင်အင်္ဂုလိမာလဟာ တစ်ယောက်ချိုမျှသော ယာဂုကိုတောင် ဆွမ်းတစ်ဇွန်းကိုတောင် မရပါ၊ ဆွမ်းနဲ့ ပင်ပန်းပါတယ်၊ မြို့ပြင်မှာမရရင် "မြို့ဟာ လူအားလုံးနဲ့ ဆက်ဆံတယ်" လို့တွေးကာ မြို့ထဲဝင်တယ်၊ ဝင်ရာတံခါးမှာ အင်္ဂုလိမာလ လာတယ်လို့ တူပေါင်းတစ်ထောင်နဲ့ ရိုက်ခဲ့သလိုဖြစ်သွားတယ်။ (မထေရ်လာတာကို ကြောက်လို့ အိုးတွေကို စွန့်ပစ်ပြီး ပြေးကြလို့ပါ။) (မဇ္ဈိမပဏ်၊ ဋ္ဌ၊ ၂၃၂)

http://www.dhammadownload.com



အရှင်အင်္ဂုလိမာလဟာ နံနက်ပိုင်းမှာ သင်းပိုင်ကို ပြင်ဆင်ကာဝတ်ပြီး သပိတ်, သင်္ကန်းကိုယူကာ သာဝတ္ထိမြို့ထဲ ဆွမ်းခံ ဝင်တယ်။ အိမ်စဉ် အတိုင်း ဆွမ်းခံလှည့်လည်ဘဲ့အခါ မိန်းမတစ်ယောက် မီးဖွားဖို့ ခက်ခဲပင်ပန်းနေတာကို မြင်တွေ့သွားတယ်။ မြင်သွားပြီး မထေရ်မှာ ဒီလိုအကြံဖြစ်တယ်၊

"အမောင်တို့ . . . သတ္တဝါတွေဟာ ပင်ပန်းလေစွ၊ အမောင်တို့ . . . သတ္တဝါတွေဟာ ပင်ပန်းလေစွ"

အရှင်အင်္ဂုလိမာလဟာ သာဝတ္ထိမြို့ထဲ ဆွမ်းခံလှည့်လည်ပြီး ပြန်လာကာ ဘုရားရှင်ထံသွားတယ်။ ရှိခိုးပြီး သင့်တင့်ရာမှာ ထိုင်ကာ ဘုရားရှင်ကို အထက်ပါအကြောင်း လျှောက်ပြတယ်။ ဘုရားရှင်က ဒီလိုမိန့်တော်မူပါတယ်။

"အင်္ဂုလိမာလ . . . ဒီလိုဆိုရင် သင်ဟာ အဲဒီမိန်းမရှိရာကို သွားပါ၊ သွားပြီး အဲဒီမိန်းမကို ဒီလိုပြောပါ။"

"နှမ . . . ငါဟာ အရိယာဇာတ်နဲ့ဖြစ်ခဲ့တဲ့အချိန်ကစပြီး သတ္တဝါကို သေစေလိုတဲ့စိတ်ထားနဲ့သတ်တာကို ငါမသိပါ၊ အဲဒီမှန်ကန်တဲ့စကား ကြောင့် သင့်မှာ ချမ်းချမ်းသာသာ မွေးဖွားနိုင်ပါစေ။" (မဇ္ဈိမပဏ္ဏာ။ ၃၀၅)

မိန်းမတွေ မီးဖွားရာနေရာကို ယောကျ်ားဟာ မသွားသင့်ပါ။ မထေရ်က ဘာကိုလုပ်ပါသလဲ၊ အင်္ဂုလိမာလမထေရ်က သစ္စာဆိုပြီး ချမ်းသာအောင်လုပ်ပေးဖို့လာတယ်လို့ ပြောခိုင်းပါတယ်၊ အဲဒီကနောက် လူတွေက ကန့်လန့်ကာနဲ့ ကာရံပြီး မထေရ်အတွက် ကန့်လန့်ကာအပြင်ဘက်မှာ ထိုင်ခုံကို ခင်းပေး

http://www.dhammadownload.com



ကြပါတယ်၊ မထေရ်က အဲဒီထိုင်ခုံပေါ်ထိုင်ပြီး သစ္စာပြုပါတယ်။ သစ္စာပြုတာနဲ့ တစ်ပြိုင်နက်ပဲ ရေစစ်က ထွက်လာတဲ့ရေပမာ ကလေးက ထွက်လာပါတယ်။ မိခင်နဲ့သားမှာ ချမ်းသာသွားပါတယ်။ ဒီပရိတ်အရံအတားကို ကြီးမားတဲ့ပရိတ်အရံအတားလို့ ဆိုပါတယ်။ ဒီပရိတ် မနှိမ်နင်းနိုင် တဲ့ ဘေးရန် တစ်စုံတစ်ခုမှ မရှိပါ။ မထေရ်က ထိုင်ပြီး သစ္စာပြုနေရာမှာ ထိုင်ခုံခင်းကြပါတယ်။ မွေးဖွားဖို့ခက်ခဲပင်ပန်းနေတဲ့ တိရစ္ဆာန်မကိုတောင် သယ်ဆောင်ပြီး အဲဒီထိုင်ခုံမှာ ထိုင်ခိုင်းကြပါတယ်။ အဲဒီခဏမှာပဲ ချမ်းသာစွာမီးဖွားပါတယ်။ အားနည်းလို့ သယ်ဆောင်မရတဲ့ အမျိုးသမီးရဲ့ ဦးခေါင်းပေါ် ထိုင်ခုံဆေးရေကို သယ်ဆောင်ကာ သွန်လောင်းကြပါတယ်။ အဲဒီခဏမှာပဲ မီးဖွားပါတယ်၊ အခြားရောဂါကိုလည်း ပျောက်ကင်းစေပါတယ်။ ကမ္ဘာတည် သရွေ့တည်တဲ့ တန်ခိုးအစွမ်းဖြစ်ပါသတဲ့။"

ဘုရားရှင်က အရှင်အင်္ဂုလိမာလကို ဆေးကုခိုင်းပါသလား၊ မခိုင်းပါ၊ ချဲ့ပြောရရင် – မထေရ်ကို မြင်ပြီး လူတွေက ကြောက်ကာ ပြေးကြတယ်၊ မထေရ်က ဆွမ်းအာဟာရနဲ့ ပင်ပန်းတယ်။ ရဟန်းတရားကို မပြုလုပ်နိုင်။ မထေရ်အား ချီးမြှောက်လိုလို့ သစ္စာဆိုခိုင်းပါတယ်။ ဘုရားရှင်မှာ ဒီလိုအကြံ ဖြစ်ပါသတဲ့

"အခု အင်္ဂုလိမာလထေရ်ဟာ မေတ္တာစိတ်ကိုရပြီး သစ္စာဆိုကာ လူတွေချမ်းသာအောင်လုပ်ပေးသတဲ့လို့ကြားရပြီး လူတွေက မထေရ်ကို ချဉ်းကပ်သင့်တယ်လို့ ထင်မှတ်ကြလိမ့်မယ်။ အဲဒီကနောက် ဆွမ်းအာဟာရနဲ့မပင်ပန်းဘဲ ရဟန်းတရား

http://www.dhammadownload.com



ပြုလုပ်နိုင်လိမ့်မယ်။"

အဲဒီလိုကြံပြီး ချီးမြှောက်လိုလို့ သစ္စာဆိုခိုင်းပါတယ်။
(မဇ္ဈိမပဏ္ဏာသ၊ ၄၊ ၂၃၂)

မဝင်းမာကြည် . . .

အရှင်အင်္ဂုလိမာလဟာ သူ့သီလကိုဆင်ခြင်ပြီး သစ္စာဆိုပါတယ်၊ သစ္စာဆိုတာဟာ ဆေးကုတာမဟုတ်ပါ၊ သစ္စာဆိုပေးလို့ပဲ ရောဂါပျောက်ပျောက်၊ ရေသောက်လို့ပဲ ရောဂါ ပျောက်ပျောက်၊ ရေလောင်းခံရလို့ပဲ ရောဂါပျောက်ပျောက်၊ ရောဂါပျောက်ဖို့က လိုရင်းပါပဲ။ ရောဂါကို ကင်းပျောက်စေနိုင်တဲ့အရာကို ဆေးလို့ပဲ ဆိုရမှာပါပဲ။

http://www.dhammadownload.com

# မယ်တော်ရဲ့လေနာရောဂါ

မဝင်းမာကြည် . . .

ရှင်ရာဟုလာရဲ့မယ်တော် ဗိမ္ဗာဒေဝီထေရီမှာ ဝမ်းဗိုက်လေနာရောဂါဖြစ်ပေါ်လာပါတယ်၊ ရှင်ရာဟုလာက အရှင်သာရိပုတ္တရာအား ပြောပြပါတယ်၊ အရှင်သာရိပုတ္တရာက ရှင်ရာဟုလာကို နားနေရာဇရပ်မှာထိုင်ခိုင်းကာ ကောသလမင်းရဲ့နန်းတော်ကို သွားပါတယ်၊ ငါးကြင်းဟင်းအရသာပါတဲ့ ထောပတ်အသစ်ရော သလေးဆွမ်းကို သယ်ဆောင်ကာ ရှင်ရာဟုလာအား ပေးပါတယ်၊ ရှင်ရာဟုလာက သယ်ဆောင်လာပြီး မယ်တော် ဗိမ္ဗာဒေဝီ ထေရီအား ပေးပါတယ်၊ ဗိမ္ဗာဒေဝီထေရီ စားသုံးပြီးခါစမှာ လေနာရောဂါပျောက်ကင်းသွားပါတယ်၊ ကောသလမင်းက မင်းခစား ယောကျ်ားတွေကို စေလွှတ်ပြီး ဆုံစမ်းခိုင်းပါတယ်၊ အဲဒီအချိန်ကစပြီး ဗိမ္ဗာဒေဝီထေရီအား အဲဒီလိုဆွမ်းကို လှူပါတော့တယ်။

(ဇာတ်၊ ၄၊ ဒ၊ ၃၉၀)

http://www.dhammadownload.com



မဝင်းမာကြည် . . .

ဒီဇာတ်လမ်းမှာလည်း ကိုရင်ရာဟုလာ, အရှင် သာရိပုတ္တရာ, ကောသလမင်းဆိုတဲ့ပုဂ္ဂိုလ် ၃ ဦးရဲ့ ကူညီပေးတဲ့ စိတ်ထားကို လေးစားကြည်ညိုရပါတယ်၊ ရောဂါသည် ဗိမ္ဗာဒေဝီထေရီကိုလည်း သနားမိပါတယ်၊ ရေးဘဝပေါင်းများစွာမှာ ဒီပုဂ္ဂိုလ်ကြီးတွေမှာ တစ်ဦးအပေါ် တစ်ဦး ဒီလိုကြင်ကြင်နာနာနဲ့ ကူညီစောင့်ရှောက်ခဲ့တာတွေဟာ မရေမတွက်နိုင်အောင် များပါလိမ့်မယ်။ ငါးကြင်းသား၊ ထောပတ်၊ သလေးဆွမ်းတွေဟာ လေနာရောဂါအတွက် ဆေးတစ်လက်ဖြစ်နေပါတယ်။

http://www.dhammadownload.com

# ဆေးအလှူအကျိုး ၁၀ မျိုး

မဝင်းမာကြည် . . .

ဆေးလှူရခြင်းရဲ့အကျိုး ၁၀ မျိုးကို အရှင်ပိလိန္ဒဝစ္ဆ မထေရ်က သူ့ကိုယ်တွေ့နဲ့ ဒီလိုပြောပြထားပါတယ်။

၁။ အသက်ရှည်တယ်။

၂။ ခွန်အားကြီးမားတယ်။

၃။ ပညာရှိတယ်။

၄။ အဆင်းလှတယ်။

၅။ အခြံအရံများတယ်။

၆။ ချမ်းသာကြီးတယ်။

၇။ ဘေးရန်ကင်းတယ်။

၈။ ဆင်းရဲကင်းတယ်။

၉။ အမြဲတမ်း သူတစ်ပါးတွေရဲ့အပူဇော်ခံရတယ်

၁၀။ ချစ်သူတွေနဲ့ ကွေကွင်းရတာမရှိ။

(အပဒါန၊ ပ၊ ၃၆၃)

http://www.dhammadownload.com



မဝင်းမာကြည် . . .

ဆေးအလှူရဲ့အကျိုး ၁၀ မျိုးကို သိရတော့ ဆေးလှူချင်စိတ် ပိုမိုဖြစ်ပေါ်မလာဘူးလား။

ဆေးလှူရင် မဝင်းမာကြည်မှာ အသက်ရှည်မယ်၊ ခွန်အားကြီးမယ်၊ ပညာကြီးမားမယ်၊ ရုပ်လှမယ်၊ အခြံအရံများမယ်၊ ချမ်းသာကြီးမယ်၊ ဘေးရန်ကင်းမယ်၊ ဆင်းရဲကင်းမယ်၊ သူတစ်ပါးတွေရဲ့ပူဇော်မှုကို အမြဲခံယူရမယ်၊ ချစ်ခင်သူတွေနဲ့ မကွဲကွာရတော့ဘူး။

အဲဒီအကျိုး ၁၀ မျိုးကို ရချင်ရင် ဆေးတွေကို ကိုယ်တတ်နိုင်သမျှ ကြိုးစားလှူရမှာပေါ့။

သာမဏေကျော်
သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
၁၃၆၇ - ခု
၂၃-၁၀-၂၀၀၅

http://www.dhammadownload.com

**ဆေးအလှ**
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ် အောက်တိုဘာလ၊ အုပ်ရေ ၁၀၀၀

**မျက်နှာဖုံးပန်းချီ ကိုအောင်လွင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၆၁၅၀၆၁၀ နှင့် စာမူခွင့်ပြုချက် အမှတ် ၃၂၀၅၈၈၀၆၀၈ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အခန်း ၃၊ အမှတ် ၁၂၇၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၄၅၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးဆောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm